မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၇– ၂၀၀၈ ပညာသင်နှစ် သင်ထောက်ကူပစ္စည်းပေးအပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကျောင်းသုံးဗလာစာအုပ်နှင့် ဝတ်စုံများ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇွန် ၂၀

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် သင်ထောက်ကူပစ္စည်းပေးအပ်ပွဲကို ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်နယ်၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ပညာရေးကဏ္ဍမြင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက်တိုင်းမှူးက ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် ပညာသင်ကြားနေသည့် တိုင်းစစ်ဌာနချုပ်မှ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ပြီး တိုင်းမှူး၏ဇနီးက ကျောင်းဝင်ကြေးများနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို မိသားစုဝင် ကိုယ်စားလှယ်တစ်ဦးသို့ ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ ❐

ပိုင်းပျဉ်း၊ ကျိုင်းခမ်းနှင့် နောင်ဝိုးဒေသရှိ မြေလွတ်မြေရိုင်းများဖော်ထုတ် စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင်စိုက်ပျိုး

နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုးရေးကုမ္ပဏီများ၏ မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ စိုက်ပျိုးရေးလုပ်ငန်းစီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြမည့် ကုမ္ပဏီများမှ တာဝန်ခံများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မိုးလေဝသ အခြေအနေ

၂၁–၆–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားသတင်းအညွှန်း

ယခုအခါ သုတေသီများ၏ စမ်းသပ်ချက်များအရ ဗီတာမင်ဒီသည် အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ် ကင်ဆာရောဂါများကို ကာကွယ်တားဆီးနိုင်မည့် ဗီတာမင်ဖြစ်ကြောင်းကို အထောက်အထားများနှင့် တင်ပြခဲ့ကြသည်။

ပါမောက္ခဒေါက်တာပိုင်စိုး၏ ဆောင်းပါး (စာ ၄ နှင့် ၅)

ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီး တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

သတင်းအကျယ် (စာ-၁၂)

ဖာဂူဆန်နှင့် သူ၏တပည့်နည်းပြများ

ကမ္ဘာတစ်လွှား အားကစား(စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်းကထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇွန် ၂၁ ရက်)

ယာဉ်အန္တရာယ် ကင်းဝေးစေရေး

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိကျစွာလိုက်နာ

မျက်မှောက်ကာလ၌ နိုင်ငံတော်၏ တိုးတက်လာသော လူမှုစီးပွားဖွံ့ဖြိုးမှုနှင့်အတူ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများ၌ မော်တော်ယာဉ်သုံးစွဲမှုများ များပြားလာသည်။ မော်တော်ယာဉ်များ တိုးပွားလာခြင်းကြောင့် ယာဉ်စည်းကမ်း ချိုးဖောက်မှုများ မြင့်မားလာသည်။

ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းများကို ဆန်းစစ်ကြည့်လျှင် ယာဉ်မောင်းသူများ၏ မဆင်မခြင် မောင်းနှင်မှု၊ စက်ကိရိယာချွတ်ယွင်းမှု၊ အနှေးယာဉ်များနှင့် ခရီးသွားပြည်သူများ၏ စည်းကမ်းဖောက်ဖျက်မှုနှင့် လမ်းများပျက်စီးနေမှုများကြောင့် အများဆုံးဖြစ်ကြောင်း တွေ့ရသည်။

ယခုအခါ ကောင်းမွန်ဖြောင့်ဖြူးလာသော လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းများသည် သတ်မှတ်အမြန်နှုန်းထက် ပိုမို မောင်းနေကြောင်း တွေ့နေရသည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်နိုင်သဖြင့် ယာဉ်မောင်းသူများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် လိုအပ်သည်။

ပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ စည်းကမ်းဖောက်ဖျက်သော ယာဉ်မောင်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်နေသည်။

မော်တော်ယာဉ်များ၊ အငှားယာဉ်များနှင့် ခရီးသွားပြည်သူများသည် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာလာစေရန် အသိပညာပေး လှုံ့ဆော်မှုများကို လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ ယာဉ်မောင်းသူများ၊ ခြေကျင်လျှောက်သူများသည် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ထုတ်ပြန်ထားသော ယာဉ်နှင့်လမ်းစည်းကမ်းများကို တိကျစွာလိုက်နာကျင့်သုံးခြင်းအားဖြင့် ယာဉ်အန္တရာယ်မှ ကင်းဝေးနိုင်ကြမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် လှည်းတန်း (၁) ရပ်ကွက် ဖေယျာသိဒ္ဓိလမ်း အမှတ် ၅ နေ ဦးအောင်ကြည်-ဒေါ်ခင်ခင်လှတို့က မင်းကွန်းဆရာတော်ကြီး၏ မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက် ရေပဒေသာပင်အတွက် အလှူငွေကျပ်၁၀သိန်းကို ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခရမ်းမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရုပ်မြင်သံကြားပြစက်၊ ကက်ဆက်၊ ရေဒီယိုနှင့် စာအုပ်များ လှူဒါန်း

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား ပြစက်၊ ကက်ဆက်၊ ရေဒီယိုနှင့် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကိုဇွန်၁၅ရက် နံနက်၁၀နာရီက ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗြဟ္မစိုရ်ခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များမှ တာဝန်ခံများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှသောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ရီရီလွင်က ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ရုပ်မြင်သံကြား ပြစက်၊ ကက်ဆက်၊ ရေဒီယို၊ စာအုပ်များ လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ကိုယ်ပိုင်အဆောက်အအုံများ ရရှိရေးတို့ကို ရှင်းလင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းက ရုပ်မြင်သံကြားပြစက်ရရှိသော လတ်ပန်တန်းကျေးရွာ အမေသန်း စာကြည့်တိုက်သို့ ၂၁ လက်မ ရုပ်မြင်သံကြားပြစက်ကို ပေးအပ်လှူဒါန်းပြီး**(အပေါ်ပုံ)** မြို့နယ်အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်တို့က ကက်ဆက်၊ ရေဒီယိုနှင့် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များသို့ ၂၁ လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ကက်ဆက်တစ်လုံး၊ ရေဒီယို ငါးလုံးနှင့် သုတ ရသဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံ ၉၀၄ အုပ် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၂၁-၆-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၅၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၃)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁၈)

မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်း၏ ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဇွန် ၂၅ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အခမ်းအနားတွင် ပုစွန်မွေးမြူရေးဆိုင်ရာ စာတမ်းဖတ်ပွဲကိုပါ ပူးတွဲကျင်းပရန် စီစဉ်ထားရှိပြီး အစည်းအဝေးတက်ရောက်ရန် ဖိတ်စာများကို အသင်းဝင်များထံ ကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းဝင်အားလုံး အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်ကြီး ထွန်းအောင်ကျော်(ငြိမ်း)အား ရည်စူး၍ အမှတ် ၇၆ (ပထပ်)ကျွန်းတောလမ်း စမ်းချောင်းမြို့နယ်နေ ဇနီး ဗိုလ်ကြီး ဒေါ်သန်းညွန့်(ငြိမ်း)နှင့်သားသမီး ကိုဇော်လင်းအောင်-မသက်ဦးစံ၊ ဗိုလ်ကြီးရဲလင်းထွဋ်-မသက်နှင်းအောင်၊ မောင်သန်း နိုင် အောင်၊ မြေး မခင်ဖူးဝေမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ဇွန် ၁၈ရက်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ အောင်မြေသာစံမြို့နယ် အထက(၁) သူငယ်တန်းကျောင်းသားလေးများ ပညာသင်ကြားမှု၊ ဝတ်စားဆင်ယင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၆၂)

မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဦးဆောင် အထူးကုဆရာဝန်ကြီးများ ပြင်ဦးလွင်ခရိုင် ဝက်ဝံကျေးရွာသို့ကွင်းဆင်း ဒေသခံပြည်သူများ ဆေးဝါးကုသပေး၊ မျက်မှန်များ အခမဲ့လှူဒါန်း

ရန်ကုန် ဇွန် ၂၀

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မန္တလေးတိုင်း ကျန်းမာရေး ဦးစီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(မန္တလေး)၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေး ကလေးဆေးရုံကြီး၊ တိုင်းရင်းဆေးကုဌာနတို့မှ အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် မေ ၃၁ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်ခရိုင် ဝက်ဝံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသခြင်းများ ပြုလုပ်ပေးကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဆေးဝါးကုသပေးနေမှုများကို မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များကလှည့်လည် ကြည့်ရှုအားပေးကြသည်။

(အောက်ယာပုံ)

ဆေးဝါးကုသပေးခဲ့

အထူးကု ဆရာဝန်ကြီးများနှင့် အဖွဲ့၏ ဆေးဝါးကုသပေးမှုမှာ သမားတော်အဖွဲ့မှ ကြည့်ရှုလူနာ ၁၁၁ဦး၊ ခွဲစိတ်အထူးကုအဖွဲ့မှ လူနာ ၅၄ဦး၊ သားဖွား မီးယပ်အဖွဲ့မှ လူနာ ၁၀၄ဦး၊ ကလေးအထူးကု အဖွဲ့မှလူနာ ၁၃၃ဦး၊ မျက်စိ အထူးကုအဖွဲ့မှလူနာ၄၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုအဖွဲ့မှ လူနာ ၉၄ဦး၊ သွားရောဂါ အထူးကု အဖွဲ့မှလူနာ၁၁၅ဦး၊ အရေပြားအနာကြီး အထူးကုအဖွဲ့မှ လူနာ ၆၅ဦး၊ တီဘီ ရောဂါတိုက်ဖျက်ရေးအဖွဲ့မှ လူနာ ၂၉ဦး၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး အဖွဲ့မှလူနာ၁၂ဦး၊ အရိုးအထူးကု အဖွဲ့မှ လူနာ၁၄၀၊ အထွေထွေရောဂါကု အဖွဲ့မှ လူနာ ၂၇၈ဦး၊ တိုင်းရင်းဆေးကုဌာနမှ လူနာ ၁၁၆ဦး စုစုပေါင်းလူနာ ၁၆၉၁ ဦးတို့အား ကျန်းမာရေး စစ်ဆေး၍ ဆေးဝါးကုသပေးခဲ့ပြီး သက်ဆိုင်ရာ ဆေးရုံကြီးများတွင် တက်ရောက်ကုသ ရန် လိုအပ်သော လူနာ ၁၇၁ဦးတို့အား ညွှန်းပို့ပေးနိုင်ခဲ့သည်။

အခမဲ့ပေးအပ်

မျက်မှန်လိုအပ်သော မျက်စိ ဝေဒနာရှင်များအား မျက်မှန်အလက်၃၀၀ အခမဲ့ ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန်မြို့ ကုန်တင်ယာဉ်ရပ်နားစခန်း စော်ဘွားကြီးကုန်းပွဲရုံ အမှတ်၈/၁(စ) ရဲသူအောင်ကားဂိတ်နေ ဒေါ်ကျင်နု မိသားစုက အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကောသလ္လ (B. A၊ မွှာစရိယ) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်ချုပ်စောထွန်း တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ရက် နံနက်၉နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဖော်ဆောင်ပေးနေ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အဖွင့်အမှာစကား ပြောကြားရာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနှင့် လုပ်ငန်း အကောင်အထည်ဖော်ရာတွင် အထူးစီမံကိန်းရေးဆွဲရေးအဖွဲ့မှ အတည်ပြုထားသည့် လုပ်ငန်းများ၊ ဝန်ကြီးဌာနအနေနှင့် တာဝန်ယူရသည့် စီမံကိန်းများနှင့် သတ်မှတ်ဖော်ပြခြင်းမရှိဘဲ လုပ်ငန်းလိုအပ်ချက်အရ နယ်မြေဒေသအလိုက် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေကြောင်း။

လိုအပ်သလိုညွှန်ကြား

ယင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းပမာဏကြီးမားလျှင် ကြီးမားသကဲ့သို့ ငွေကြေးသုံးစွဲပြီး ဆောင်ရွက်နေကြရကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲရာ၌ စိစိစစ်စစ်၊ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် ခွင့်ပြုငွေ (Allotment)အတွင်း စနစ်တကျ ဆောင်ရွက်သွားကြရန်ဖြစ်ပြီး၊ မိုးဒဏ်ငွေပမာဏမှာလည်း ကန့်သတ်ချက်ရှိပြီး အနည်းဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြပ်မတ်ဆောင်ရွက် ဦးဆောင်ပေးကြရန်၊ မိုးဒဏ်ကြောင့်ပျက်စီးသည့်လမ်း၊ တံတားများ အဆက်အသွယ်မပြတ်တောက်စေဘဲ အခက်အခဲအနည်းဆုံးနှင့် သွားလာနိုင်ရေးကို စိစစ် ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းနှင့်ပြည်နယ် အင်ဂျင်နီယာမှူးကြီးများ၊ စီမံကိန်းအင်ဂျင်နီယာမှူးကြီးများ အနေဖြင့် အောက်ခြေအဆင့်ဆင့်ရှိ အင်ဂျင်နီယာ ဝန်ထမ်းများအားလည်း တာဝန်ပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ၊ ငွေစာရင်းပိုင်းဆိုင်ရာတို့ကို အသေးစိတ် စိစစ်ပြီး ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း လိုအပ်သလို ညွှန်ကြားကြရန်လိုကြောင်းဖြင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက်ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ ပြည်နယ်နှင့် တိုင်းအလိုက် လုပ်ကိုင်ဆောင်ရွက်နေမည့်လုပ်ငန်းအခြေအနေ၊ ရန်ပုံငွေ ရရှိသုံးစွဲမှုအခြေအနေ၊ စက်ယန္တရားနှင့် စက်သုံးဆီ ရရှိသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီးနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Technical Workshop on Repatriation and Reintegration အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ UNICEF (Myanmar)၊ International Organization for Migration (IOM)၊ UNIAP၊ World Vision နှင့် Save the Children တို့ ပူးပေါင်းကျင်းပသော Technical Workshop on Repatriation and Reintegration အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေမြန်မာဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ UNICEF (Myanmar)၊ UNIAP, International Organization for Migration (IOM)၊ World Vision၊ Save the Children နှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကျယ်တဝင့်ဆွေးနွေး

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်နှင့် လုပ်ငန်းအစီအစဉ်များ၊ ဒေသတွင်း လုပ်ငန်းလမ်းညွှန်မှုများ၊ အတွေ့အကြုံကောင်းများ ရရှိစေရန် အကျယ်တဝင့် ဆွေးနွေးသွားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောရိုင်းငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေး အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးအစီအစဉ်အရ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် တောရိုင်းငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း (The Training Workshop on HPAI Surveillance in Wildbirds) ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက အင်းစိန်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ်Mr.TangZhengping တို့ တက်ရောက် အမှာစကားပြောကြားသည်။

သင်ကြားပို့ချ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းတွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာရုံးမှ တောရိုင်းငှက် ကျွမ်းကျင်သူပညာရှင် Dr. Boripat နှင့် Dr. Rattapan ၊ဥရောပဘုံဈေးအဖွဲ့မှ ရောဂါ စူးစမ်းရှာဖွေရေးကျွမ်းကျင်သူ ပညာရှင် Dr. Alessandro Cristalli၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အကြီးတန်းပညာဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် Dr. Masao Sasaki၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံငှက်ဝါသနာရှင်များအသင်းမှ ပညာရှင်များက တောရိုင်းငှက်များတွင် ကြက်ငှက် တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးဆိုင်ရာများကို ဇွန် ၂၀ရက်အထိ သင်ကြားပို့ချသည်။

တက်ရောက်

အလုပ်ရုံ ဆွေးနွေးပွဲသင်တန်းသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံငှက်ဝါသနာရှင်များအသင်း၊ ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးဆိုင်ရာအဖွဲ့တို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၄ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကင်ဆာရောဂါကာကွယ်ဖို့ ဗီတာမင်ဒီ သောက်ကြစို့

ပါမောက္ခဒေါက်တာပိုင်စိုး

ဗီတာမင်ဒီသည် ကလာပ်စည်း(cell)များ ပုံမှန်အလုပ်လုပ်ဆောင်ရန်နှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးရန် လိုအပ်သောကြောင့် ကျန်းမာရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။

လွန်ခဲ့သော ရက်အနည်းငယ်က ကနေဒါနိုင်ငံ ကင်ဆာအဖွဲ့အစည်းတစ်ခုမှ တစ်နိုင်ငံလုံးသို့ တရားဝင် ထုတ်ပြန်ခဲ့သော ဗီတာမင်ဒီနှင့်ပတ်သက်၍ ကင်ဆာရောဂါများကို ကာကွယ်နိုင်စွမ်းရှိသည့် သုတေသနတွေ့ရှိချက်များကို ထပ်မံတင်ပြလိုပါသဖြင့် ဤဆောင်းပါးကို ဆက်လက်ရေးသားရခြင်း ဖြစ်ပါသည်။

ဗီတာမင်ဒီ ချို့တဲ့လျှင် ကင်ဆာရောဂါများ၊ နှလုံး၊ သွေးတိုး၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါများ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိပြီးဖြစ်သည်။ ခန္ဓာကိုယ်သည် ဗီတာမင်ဒီကို နေရောင်ခြည်မှတစ်ဆင့် ဖွဲ့စည်းရသောကြောင့် ဗီတာမင်ဒီချို့တဲ့မှုကို အီကွေတာနှင့်ဝေးသော နေရာများ၊ အသက်ကြီးသူများ၊ အိမ်ပြင်သို့ထွက်ခဲသူများနှင့် တစ်ကိုယ်လုံးလုံခြုံအောင် ဝတ်ဆင်တတ်သူများတွင် ပို၍တွေ့ရသည်။ ဗီတာမင်ဒီချို့တဲ့မှုသည် အမေရိကန်နိုင်ငံသားများ၌ တစ်နိုင်ငံလုံး၏ ၄၀ ရာခိုင်နှုန်းဖြစ်ပွားပြီး ဆရာဝန်နှင့် ဆေးကျောင်းသားများ၌ ၃၂ ရာခိုင်နှုန်း၊ အသက်ကိုးနှစ်မှ ၁၁နှစ်ကြား မိန်းကလေးများ၌ ၄၈ ရာခိုင်နှုန်း၊ အမေရိကန်ရှိ ကိုယ်ဝန်ဆောင်နိုင်သောအရွယ် အာဖရိကအမျိုးသမီးများတွင် ၄၂ ရာခိုင်နှုန်း၊ ဆေးရုံရှိလူနာများ၌ ၆၀ ရာခိုင်နှုန်းနှင့် အိမ်တွင်းရှိ လူနာများတွင် ၈၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိခဲ့ကြပါသည်။ ကိုယ်ဝန်ဆောင်များ၏ ၇၆ ရာခိုင်နှုန်းရှိကြောင်း သုတေသနပြုလုပ် တွေ့ရှိခဲ့ကြပါသည်။ ကိုယ်ဝန်ဆောင်များ၏ ၇၆ ရာခိုင်နှုန်းသည် ဗီတာမင်ဒီ အလွန်အမင်း ချို့တဲ့နေပြီး ဝမ်းတွင်းရှိကလေးများ၏ ၈၁ ရာခိုင်နှုန်းတွင်လည်း ဗီတာမင်ချို့တဲ့မှုဖြစ်စေကာ မွေးဖွားပြီးသော ကလေးများတွင် ဆီးချို၊ အဆစ်ရောင်ရောဂါနှင့် စိတ်ကစဉ့်ကလျားရောဂါများ ဖြစ်ပေါ်နိုင်သည်။

ဗီတာမင်ဒီကို နေရောင်ခြည်မှ အများဆုံးရရှိနိုင်ပြီး အချို့သော အစားအသောက်များမှလည်း ရရှိနိုင်ပါသည်။ နေရောင်ခြည်မှ ရရှိရာတွင် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီကြား နေရောင်ခြည် အပူရှိန်ပြင်းပြင်းထဲတွင် အနည်းဆုံး တစ်နေ့လျှင် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် ခန္ဓာကိုယ်ရှိ အရေပြားနှင့် တိုက်ရိုက်ထိတွေ့ရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗီတာမင်ဒီကိုဖြစ်စေသော UVB ရောင်ခြည်ကို ထိုအချိန်အတွင်း၌သာ လုံလောက်စွာ ရနိုင်သောကြောင့်ဖြစ်သည်။

သို့ရာတွင် ၎င်းနေရောင်ခြည်တွင် အရေပြားကင်ဆာဖြစ်စေသော ရောင်ခြည်လည်း ပါဝင်နေပါသည်။ နေပူခံလိမ်းဆေး လိမ်းထားသောသူများနှင့် အဝတ်အကာအကွယ် ဝတ်ထားသောသူများအတွက်မူ ဗီတာမင်ဒီပါဝင်သော ရောင်ခြည် မထိုးဖောက်နိုင်ပေ။ အသားရောင်ရင့်သူများသည် အသားရောင်ဖျော့သူများထက် နေရောင်ခြည်ကို ထိတွေ့ရန် ၁၀ ဆခန့်ပို၍ လိုအပ်ပါသဖြင့် အသားရောင်ရင့်သူများသည် အရေပြားကင်ဆာဖြစ်နိုင်ခြေ ပိုများသည်။ အချို့သော အနောက်တိုင်းသုတေသီများသည် နေရောင်ခြည်ကို မိနစ်အနည်းငယ်မျှ ကိုယ်ခန္ဓာကို တိုက်ရိုက်ထိတွေ့စေခြင်းဖြင့် အရေပြားကင်ဆာ ဖြစ်ပွားမှုများကြောင်း စမ်းသပ်တွေ့ရှိခဲ့ကြပါသည်။

နေအိမ်နှင့်ရုံးခန်းများ၌သာ အလုပ်လုပ်ကိုင်နေကြသူများ၊ နေရောင်နှင့် မထိတွေ့ဘဲ အိမ်အတွင်းတွင်သာ နေထိုင်သူများ၊ တစ်ကိုယ်လုံးလုံခြုံအောင် ဝတ်ဆင်ထားသူများနှင့် အသားရောင်ရင့်သူများတွင် ဗီတာမင်ဒီရရှိမှု အခွင့်အလမ်း ပိုမိုနည်းပါးပါသည်။

နေရောင်ခြည်လုံလောက်စွာရရှိသော အီကွေတာအနီးတစ်ဝိုက်နှင့် ကမ္ဘာ့တောင်ဘက်ရှိ ပူနွေးသော နိုင်ငံများတွင်ပင် ဗီတာမင်ဒီကို နေမှလုံလောက်စွာ ရရှိနိုင်မှုမှာ ယခုခေတ် နေထိုင်မှုပုံစံနှင့်ဆိုလျှင် မသေချာတော့ပါ။ ကမ္ဘာ့မြောက်ဘက်နိုင်ငံများတွင်မူ အချို့သော ဆောင်းရာသီ၊ မိုးရာသီများတွင် နေရောင်ခြည်ကို လုံးဝ မတွေ့မမြင်ရ၍ ဗီတာမင်ဒီချို့တဲ့မှုမှ ကာကွယ်ရန်အတွက် ဗီတာမင်ဒီကို ဖြည့်စွက်သောက်သုံးသင့်ပါသည်။

ဗီတာမင်ဒီကို အစားအသောက်များ အထူးသဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ တူနာငါးနှင့် ဆော်လမွန်ငါးတို့မှ ရရှိနိုင်ပါသည်။ သို့သော် တစ်နေ့လျှင် ဖန်ခွက်အကြီးနှင့် နို့ ၁၀ ခွက် သောက်သုံးမှသာ တစ်နေ့တာအတွက် လုံလောက်သော ဗီတာမင်ဒီ ၁၀၀၀ ယူနစ် (IU) ရရှိမည်ဖြစ်ပါသည်။

အချို့သော အနောက်တိုင်း သုတေသီများသည် နေရောင်ခြည်ကို မိနစ်အနည်းငယ်မျှ ကိုယ်ခန္ဓာကို တိုက်ရိုက်ထိတွေ့စေခြင်းဖြင့် အရေပြားကင်ဆာ ဖြစ်ပွားမှုများကြောင်း စမ်းသပ်တွေ့ရှိခဲ့ကြသည်။ သို့ဖြစ်၍ ခန္ဓာကိုယ်အတွက် လုံလောက်သော ဗီတာမင်ဒီရရှိရန် အစားအသောက်နှင့် နေရောင်ခြည်ကိုသာ မှီခိုအားထား၍ မဖြစ်နိုင်ပါ။ ဗီတာမင်ဒီကို သောက်ဆေးအဖြစ် နေ့စဉ်မှီဝဲရန် လိုအပ်ကြောင်း သုတေသီများက တင်ပြဆွေးနွေးခဲ့ကြသည်။

ဗီတာမင်ဒီ၏ ကင်ဆာရောဂါကာကွယ်သော သုတေသနများ

ယခုအခါ သုတေသီများ၏ စမ်းသပ်ချက်များအရ ဗီတာမင်ဒီသည် အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာရောဂါများကို ကာကွယ်တားဆီးနိုင်မည့် ဗီတာမင်ဖြစ်ကြောင်းကို အထောက်အထားများနှင့် တင်ပြခဲ့ကြသည်။

၂၀၀၀ မှ ၂၀၀၅ ခုနှစ်အတွင်း အသက် ၅၅ နှစ်အထက် အမျိုးသမီး ၁၁၇၉ ဦးအား သုတေသန ပြုလုပ်ခဲ့ပါသည်။ ၎င်းသုတေသနတွင် အုပ်စုသုံးစုခွဲ၍ တစ်အုပ်စုအား ဂရမ် ၁၅၀၀ ရှိ ကယ်လ်ဆီယမ် ဆေးပြားများ တိုက်ကျွေး၍ နောက်တစ်အုပ်စုအား ဗီတာမင်ဒီ ၁၀၀၀ ယူနစ်နှင့် ကယ်လ်ဆီယမ်ဆေးပြားများ တိုက်ကျွေးကာ ကျန်အုပ်စုအား မည်သည့်ဆေးမျှ မတိုက်ကျွေးဘဲ သုတေသနပြုလုပ် စမ်းသပ်ခဲ့ပါသည်။ ၎င်းသုတေသနတွေ့ရှိချက်အရ ဗီတာမင်ဒီ ပါဝင်တိုက်ကျွေးသော အုပ်စုမှာ ကင်ဆာရောဂါဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကနေဒါနိုင်ငံရှိ လေးနှစ်တာ သုတေသနတွေ့ရှိချက်အရ အမျိုးသမီး ၁၂၀၀အား ဗီတာမင်ဒီ-၃ နေ့စဉ်တိုက်ကျွေးသောအုပ်စုနှင့် မတိုက်ကျွေးသောအုပ်စုဟူ၍ နှစ်စုခွဲပြီး နှိုင်းယှဉ်လေ့လာခဲ့ပါသည်။

ဗီတာမင်ဒီ-၃ နေ့စဉ် တိုက်ကျွေးသောအုပ်စုတွင် အူမကြီးနှင့် အညစ်အကြေးအိတ်ကင်ဆာ၊ ရင်သားကင်ဆာဖြစ်ပွားမှု ရာခိုင်နှုန်း ၆၀ နည်းပါးသွားကြောင်း တွေ့ရှိရသည်ဟု ဆိုပါသည်။

အင်္ဂလန်နိုင်ငံ ဘရင်ဟန်တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်တွင် ပြုလုပ်သော သုတေသနတွေ့ရှိချက်များအရ မီးယပ်သွေးဆုံးသော အမျိုးသမီးများ၌သာမက သွေးမဆုံးသေးသော အမျိုးသမီးများတွင် ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီကြွယ်ဝသော အစားအစာများကို လုံလောက်စွာ စားသုံးခြင်း၊ ဆေးအနေဖြင့် ဖြည့်စွက်သောက်သုံးခြင်းသည် ရင်သားကင်ဆာဖြစ်ပွားမှုကို လျှော့ချနိုင်ကြောင်း သိရပါသည်။ အမေရိကန်နိုင်ငံ ကင်ဆာအဖွဲ့အစည်းမှ သုတေသီများက ဗီတာမင်ဒီနှင့် ကယ်လ်ဆီယမ် ပေါင်းစပ်သုံးစွဲခြင်းဖြင့် ကင်ဆာဖြစ်ပွားမှုကို သိသိသာသာ လျော့သွားကြောင်း တွေ့ရှိတင်ပြထားပြီး တစ်နေ့လျှင် ဗီတာမင်ဒီ ၁၀၀၀ မှ ၁၅၀၀ ယူနစ်ခန့် သောက်သုံးသင့်ကြောင်း အကြံပြုခဲ့ကြပါသည်။

အနောက်နိုင်ငံ ကင်ဆာအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များအရ ဗီတာမင်ဒီသည် အူမကြီးနှင့် အညစ်အကြေးအိတ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာတို့ မဖြစ်အောင် ကာကွယ်ပေးနိုင်သော အာနိသင်ရှိသည့်အတွက် အလွယ်တကူရရှိနိုင်၍ ဈေးနှုန်းသက်သာသော ဗီတာမင်ဒီကို နေ့စဉ်သောက်သုံးသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့။

ဗီတာမင်ဒီသည် ဆဲလ်ကြီးထွားခြင်းကို ညှိနှိုင်းခြင်းဖြင့် ဇီဝဖြစ်စဉ်များကို ကူညီပေးပြီး ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးသည်။ ယခင်က ဗီတာမင်ဒီကို နေ့စဉ် ၂၀၀ မှ ၆၀၀ ယူနစ်အတွင်းသာ လိုအပ်သည်ဟု ဆိုခဲ့သော်လည်း ယခုသုတေသနတွေ့ရှိချက်များအရ နေ့စဉ် ၁၀၀၀ ယူနစ် စားသုံးရန်လိုကြောင်း သိရှိခဲ့ရ။

ကနေဒါနိုင်ငံကင်ဆာအဖွဲ့အစည်းမှ ဗီတာမင်ဒီနှင့်ပတ်သက်၍ တိုက်တွန်းနှိုးဆော်ချက်

အနောက်နိုင်ငံ ကင်ဆာအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များအရ ဗီတာမင်ဒီသည် အူမကြီးနှင့် အညစ်အကြေးအိတ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာတို့မဖြစ်အောင် ကာကွယ်ပေးနိုင်သော အာနိသင်ရှိသည့်အတွက် အလွယ်တကူရရှိနိုင်၍ ဈေးနှုန်းသက်သာသော ဗီတာမင်ဒီကို နေ့စဉ်သောက်သုံးသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

၎င်းကင်ဆာအဖွဲ့၏ အကြံပြုတိုက်တွန်းချက်မှာ–

- **ကနေဒါနိုင်ငံရှိ လူရွယ်များအားလုံး နေ့စဉ် ဗီတာမင်ဒီ ၁၀၀၀ ယူနစ်ကို မိုးရာသီနှင့် ဆောင်းရာသီများတွင် သောက်သုံးရန်**
- **ဗီတာမင်ဒီနည်းသည်ဟု ယူဆရသော လူများနှင့် လူရွယ်များအားလုံး တစ်နှစ်ပတ်လုံးနေ့စဉ် ဗီတာမင်ဒီ ၁၀၀၀ ယူနစ်ကို သောက်သုံးရန်**

ဗီတာမင်ဒီနည်းသည်ဟု ယူဆရသောသူများမှာ–

- **အသက်အရွယ်ကြီးရင့်သူ**
- **အသားအရောင်ရင့်သူ**
- **အိမ်အပြင်သို့ထွက်ခဲသူ**
- **တစ်ကိုယ်လုံး လုံခြုံအောင် အဝတ်အစားများ ဖုံးအုပ်ထားသူ**

၎င်းအကြံပြုချက်များမှာ ကလေးငယ်များအတွက် အကျုံးမဝင်ပါ။ ကလေးငယ်များအတွက် ဗီတာမင်ဒီ လိုအပ်မှုနှင့် အကျိုးသက်ရောက်မှုကို ဆက်လက် သုတေသနပြုလုပ်နေပါသည်။

နေရောင်ခြည်ကို ထိတွေ့ခြင်းဖြင့် အရေပြားထဲတွင် ဗီတာမင်ဒီကို ဖြစ်ပေါ်စေသည်။ ၎င်းဗီတာမင်ဒီသည် ဗီတာမင်ဒီ-၃ ဟုခေါ်သော Cholecalciferol ဖြစ်သည်။

ဗီတာမင်ဒီတွင် ဗီတာမင်ဒီ-၃ကို တိရစ္ဆာန်များမှရရှိပြီး ၎င်းသည် အပင်မှရရှိသော ဗီတာမင်ဒီ-၂ထက် အာနိသင် ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ လူအများစု သောက်သုံးနေသော အားဆေးများထဲတွင် ဗီတာမင်ဒီ-၂သာ ပါဝင်မှုများ၍ ဗီတာမင်ဒီ-၃ မှာ အစားအသောက်မှ ရရှိရန် အားထားနေရသည်။

ဗီတာမင်ဒီသည် ဆဲလ်ကြီးထွားခြင်းကို ညှိနှိုင်းခြင်းဖြင့် ဇီဝဖြစ်စဉ်များကို ကူညီပေးပြီး ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးသည်။ ယခင်က ဗီတာမင်ဒီကို နေ့စဉ် ၂၀၀ မှ ၆၀၀ ယူနစ်အတွင်းသာ လိုအပ်သည်ဟု ဆိုခဲ့သော်လည်း ယခုသုတေသန တွေ့ရှိချက်များအရ နေ့စဉ် ၁၀၀၀ ယူနစ် စားသုံးရန်လိုကြောင်း သိရှိခဲ့ရပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

သဲအင်းဂူ ဓမ္မဗိမာန်(မိုးကောင်း) ဘက်စုံပြုပြင်ရေးအတွက် အလှူရှင် ဦးသန်းလွင် (ဒေါ်ရီရီမြင့်) မိသားစုက အလှူတော်ငွေ ကျပ်ဆယ်သိန်းကို သဲအင်းဂူဓမ္မဗိမာန်မှ တာဝန်ရှိသူများထံ လှူဒါန်းစဉ်။ (က-ပ)

သာသနဟိတဓမ္မာရုံ မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိစာဖြေဌာန (၂)ရပ်ကွက် သီတာလမ်း သာသနဟိတဓမ္မာရုံကြီးတွင် ဇူလိုင် ၁၆ရက်မှ ၂၂ရက်အထိ (၂၄)ကြိမ်မြောက် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အကြို မိုးကုတ်ဝိပဿနာ ခုနစ်ရက်အထူးတရားစခန်းပွဲ၌ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သဇင်ရေကျော်ကျောင်းတိုက်မှ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိကအရှင်ပဏ္ဍဝံသနှင့် တပည့်များက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ဟောကြားပြသပေးမည်ဖြစ်သည်။ တရားဝင်ယောဂီများအား ဇူလိုင်၁၅ရက် ညနေ ၅နာရီအရောက် လာကြရန်နှင့် ဆွမ်းအချိုပွဲ၊ အအေးလှူဒါန်းလိုကြသူများကို တင်ဆက်သွယ်နိုင်ရန် အသိပေးထားကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်သာမြို့နယ်တွင် စာဖတ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ စာဖတ်ပွဲအခမ်းအနားကို ဇွန်၁၉ရက် ညနေ ၃ နာရီက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလတ်(ခ)ဦးအင်ပိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်မြအေးက စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် ခေါင်းဆောင်လက်စွဲစာအုပ်မှ ခေါင်းဆောင်သူ၏ အဓိပ္ပာယ်အခန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက လည်းကောင်း၊ ရွှေဖိနပ်ရုပ်တိုက်စီး စာအုပ်မှ "ငယ်စဉ်က စပျိုးထောင်"ကို တွဲဖက် အတွင်းရေးမှူး ဒေါ်သိင်္ဂီကြိုင်က လည်း ကောင်း၊ ဒို့ ကျေးရွာဂျာနယ် အတွဲ (၄)၊ အမှတ် (၁၁)မှ မိုးဦးကျတွင် ဖြစ်ပွားတက်သော ဝမ်းပျက်ဝမ်းရောဂါ သတိပြုပါ ဆောင်းပါးကို စာထောက်-၃ ဒေါ်အိသင်းထိုက်က လည်းကောင်း၊ ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ် (၁၂)မှ ကမ္ဘာမြေကို ကာကွယ်ပါ ဆောင်းပါးကို အလုပ်အမှုဆောင် ဦးလင်းအောင်အောင်ကလည်းကောင်း အသီးသီးဖတ်ကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းစာဖတ်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်က မြို့နယ်အသင်းရုံးတွင် ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ကုသိုလ်ဖြင့်သာကယ်တင်ပါ တရားတော် ဝနဝါသီအရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တစ်လုံးတောရဆရာတော်)
၈း၀၅	မိုးကောင်းညောင်ရမ်းကျောင်းမှတ်တမ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	သီးနှံစိုက်ပျိုးအထွက်တိုး "အရှိန်အဟုန်မြှင့်ရမည့် စက်မှုလယ်ယာကူးပြောင်းရေး"
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	သီးပွင့်ဝေဆာ၊ ပဒေသာ(သရက်)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၄၅	ဂီတရုပ်ဝန်းမှပွဲတင်သံများ (စိုးစန္ဒာထွန်း)
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၁)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	Business Talk ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)နှင့် တွေ့ဆုံခြင်း (ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးစီမံကိန်း အကြောင်းသိကောင်းစရာ)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး)
၁၁း၅၀	မိုးလေဝသခန့်မှန်းချက်
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	ရဟန်းတော်နှင့် ပိဋကစာရိကကျင့်ဝတ်
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	Language Lab (အထက-၁၊ ဒဂုံ)
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီ အထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မွေးရပ်မြေအထူးတရားပွဲ

ရန်ကုန် ဇွန် ၂၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏မူအရ အနာဂါမ်ဆရာ သက်ကြီး၏နည်းအတိုင်းပြသမည့် ဟင်္သာတ သုံးပင်ကွင်းရပ် ရေတာခွန် ၂လမ်းရှိ ဆရာဦးကျော်နိုင်ထွန်း၏ ဓမ္မသုခ ရိပ်သာ ဖွင့်ပွဲအထိမ်းအမှတ် အဖြစ် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ ဇောဓိရိပ်ငြိမ် တောရ ကမ္မဋ္ဌာနာစရိယ ဗုဒ္ဓေါရသ အရှင်ဣန္ဒာစရိယမှ (၁၃၆၉ခုနှစ် ပထမဝါဆိုလပြည့်ကျော်၂ရက်) ဇူလိုင်၁ ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင် ဟင်္သာတမြို့လုံးဆိုင်ရာ သုံးပင်ကွင်းရပ် ဆယ်ထပ်ကြီးဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ကယ်လီဖိုးနီးယား တက္ကသိုလ်ပါမောက္ခ၏ တွေ့ရှိချက်အရ ဗီတာမင်ဒီ ပါဝင်သော အစားအစာများကို စားသုံးမှုတစ်ခုတည်းဖြင့် လုံလောက်သော ပမာဏ မရရှိနိုင်ပါ။ ပူပြင်းသော နေ့လယ် နေရောင်ခြည်ကို ၁၅ မိနစ်ခန့် ထိတွေ့ခြင်းဖြင့် လုံလောက်သော ဗီတာမင်ဒီကို ရရှိနိုင်သော်လည်း အရေပြားကင်ဆာဖြစ်နိုင်သော ဆိုးကျိုးရှိနေပေသည်။ သို့ဖြစ်၍ ဗီတာမင်ဒီပါဝင်သော အစားအစာများကို စားသုံးခြင်း၊ နေပူစာ အနည်းအငယ်လှုံခြင်းအပြင် ဆေးအနေဖြင့် ဖြည့်စွက်စားသုံးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

သို့ရာတွင် ဗီတာမင်ဒီများသွားလျှင်လည်း ကိုယ်ခန္ဓာတွင် အဆိပ်အတောက်ဖြစ်နိုင်၍ နုံးချည့်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ မူးဝေအော့အန်ခြင်းနှင့် ဝမ်းချုပ်ခြင်း စသည့် လက္ခဏာများကို ခံစားရမည်ဖြစ်သည်။ ထို့ပြင် ဗီတာမင်ဒီလွန်ကဲလျှင် သွေးထဲရှိ ကယ်လ်ဆီယမ်ပမာဏကို မြင့်တက်စေပြီး စိတ်ရှုပ်ထွေးခြင်းနှင့် ဂနာမငြိမ်ဖြစ်ခြင်းတို့ကို ဖြစ်စေသည်။ တစ်နေ့လျှင် ဗီတာမင် ၂၀၀၀ယူနစ်ထက်ပို၍ မသောက်သုံးသင့်ကြောင်းကိုလည်း ယခုအခါ ပြင်ဆင်သတ်မှတ်ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်သူလူထုအား ဗီတာမင်ဒီနှင့် ပတ်သက်၍ ကင်ဆာရောဂါ ကာကွယ်နိုင်စွမ်းရှိသော သုတေသနတွေ့ရှိချက်များကို စုစည်းတင်ပြခြင်းဖြင့် ကျန်းမာရေးအသိပညာ ရရှိစေပြီး ကုန်ကျမှုသက်သာစွာဖြင့် ထိရောက်သော ကင်ဆာရောဂါအမျိုးမျိုး ကာကွယ်နိုင်စွမ်းကို ရရှိကြမည်ဖြစ်ကြောင်းနှင့် ပြီးခဲ့သော ဆောင်းပါးတွင် ဖော်ပြထားသည့်အတိုင်း နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့် သွားဖုံးရောဂါ ဖြစ်ပွားမှုတို့ကို ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်ကြောင်း ဝမ်းသာစရာသတင်းကောင်းကို ပါးအပ်ပါသည်။ ။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နေရောင်ခြည်သည် အရေပြားကင်ဆာဖြစ်ပွားမှုကိုကာကွယ်နိုင် ဗီတာမင်ဒီ နေ့စဉ်ရရှိရန်လိုအပ်ကြောင်း ပညာရှင်များပြောကြား

ဗီတာမင်ဒီသည် လူတို့တွင်ဖြစ်ပွားလေ့ရှိသော ကင်ဆာရောဂါအချို့ကို မဖြစ်ပွားအောင် ကာကွယ်တားဆီးပေးနိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အချိန်အကန့်အသတ်

ဗီတာမင်ဒီသည် နေရောင်ခြည်ကို တိုက်ရိုက်ထိတွေ့ခြင်းဖြင့် ရရှိနိုင်သော်လည်း အချိန်အကန့်အသတ်ဖြင့်သာ ခံယူသင့်ကြောင်း၊ နွေရာသီတွင် နေရောင်ခြည် ထိတွေ့ရန် မိနစ်အနည်းငယ်သာလိုအပ်ကြောင်း၊ နေရောင်ခြည်ကို အချိန်ကြာမြင့်စွာ ခံလျှင် အရေပြားကင်ဆာများ ဖြစ်ပွားတတ်ကြောင်း နိုင်ငံတကာကင်ဆာကောင်စီက သတိပေးထားသည်။

အပြည့်အဝရရှိနိုင်

နေရောင်ခြည်မှ ရရှိနိုင်သော ဗီတာမင်ဒီကို သီတင်းတစ်ပတ်လျှင် နှစ်နာရီ သို့မဟုတ် သုံးနာရီခန့် ထိတွေ့ပေးပါက လိုအပ်သော ဗီတာမင်ဒီကို အပြည့်အဝရရှိနိုင်သည်။

သောက်သုံးသင့်

ဗီတာမင်ဒီချို့ယွင်းပါက လူတို့တွင်အရိုးပွခြင်း၊ အရိုးပျော့ခြင်းစသည့် ရောဂါများလည်း ရရှိစေနိုင်ကြောင်း၊ လူအများအပြားသည် ဖောဖောသီသီဖြင့် သဘာဝကရရှိသော နေရောင်ခြည်ကို အနည်းငယ်မျှပင် မခံလိုကြကြောင်း၊ ထိုသူများအနေဖြင့် ဗီတာမင်ဒီဆေးများကို သောက်သုံးသင့်ကြောင်း ကွင်းစလန်တက္ကသိုလ်မှ ဒေါက်တာဒေးဗစ်တူရင်ဘူလ်က ပြောကြားသည်။

ထို့အပြင် ကင်ဆာရောဂါများကို ကာကွယ်ပေးရာ၌ သဘာဝတရားမှ ရရှိသော ဗီတာမင်ဒီများက အထူးသဖြင့် အမျိုးသမီးများတွင် သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာများ မဖြစ်ပွားအောင်လည်း ကာကွယ်ပေးနိုင်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ဆဲလ်များအားကောင်းစေ

ဗီတာမင်ဒီသည် ခန္ဓာကိုယ်အတွင်း ဆဲလ်များပုံမှန်အလုပ်လုပ်ရန် အားပေးသည့်အပြင် ဆဲလ်များအားကောင်းစေရန်လည်း အထောက်အကူပြုကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ တွေ့ရှိချက်၌ ဖော်ပြထားသည်။

လူတို့အနေဖြင့် ဗီတာမင်ဒီကို အစားအစာများ၊ ဖြည့်စွက်ဆေးဝါးများနှင့် နေရောင်ခြည်တို့မှ ရရှိနိုင်သဖြင့် စနစ်တကျအသုံးပြုမှုနှင့် စားသုံးမှုတို့ လိုအပ်ကြောင်း၊ အကောင်းဆုံးမှာ ဗီတာမင်ဒီအတွက် နေရောင်ခြည်သာဖြစ်ကြောင်းလည်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ခွဲစိတ်ကုသမှုခံယူပြီးသူများတွင်လည်း နေရောင်ခြည်ကောင်းစွာရရှိသော နွေရာသီ၌ ခွဲစိတ်ကုသခံရသူနှင့် နေရောင်ခြည်ကောင်းစွာမရရှိသော ဆောင်းရာသီကာလများတွင် ခွဲစိတ်ကုသခံသူများ နှိုင်းယှဉ်ပါက နွေရာသီ၌ ခွဲစိတ်ကုသခံယူသူများက ပိုမိုနာလန်ထမြန်ကြကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏သုတေသနပြုချက် ၌ဖော်ပြထားသည်။

ထို့အပြင် နေရောင်ခြည်သည် အဆုတ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးရာတွင် အထိရောက်ဆုံးသော သဘာဝဓာတ်တစ်မျိုးဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ခဲ့

နေပြည်တော် ဇွန် ၂၀

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မေ ၃၀ ရက်မှ ဇွန် ၁၅ ရက်အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ (၉၆)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ခဲ့ပြီး ဇွန် ၁၇ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသည့် ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးလှမြင့်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ အလုပ်ရှင်ကိုယ်စားလှယ် ဖြစ်သည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာ ပွင့်စန်းနှင့် အလုပ်သမားကိုယ်စားလှယ်ဖြစ်သည့် မြန်မာမေဆန် စက်မှုလက်မှု လုပ်ငန်းကုမ္ပဏီလီမိတက် Good Morning ပေါင်မုန့်စက်ရုံ ကြီးကြပ်ရေးမှူး ဦးခင်မောင်ဦးတို့လည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။

အမှာစကားပြောကြား

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဇွန် ၁၂ ရက်တွင် ကုလသမဂ္ဂအဆောက်အအုံရှိ ညီလာခံခန်းမ၌ ကျင်းပသော (၉၆)ကြိမ်မြောက် ညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားပြီး မြန်မာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြသည်။ ယင်းနေ့တွင် ကျင်းပခဲ့သည့် ဘက်မလိုက်အဖွဲ့ဝင် နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင် တက်ရောက် အမှာစကားပြောကြားပြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်နှင့် မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး သံမှူးကြီး ဦးဝင်းသိမ်းတို့လည်း တက်ရောက်ခဲ့ကြသည်။

တက်ရောက်ခဲ့

အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Pehin Adanan Yusuf၏ ကိုယ်စား ဘရူနိုင်းဒါရုဆလမ် နိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်/သံအမတ်ကြီး Dato Paduka Haji

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ (၉၆)ကြိမ်မြောက် ညီလာခံစုံညီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

Mahadi Haji Wasli က ဇွန် ၁၃ ရက်တွင် တည်ခင်းဧည့်ခံသော အလုပ်သဘော နံနက်စာစားပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးညွန့်မောင်ရှိန်နှင့် သံမှူးကြီး ဦးဝင်းသိမ်းတို့ တက်ရောက်ခဲ့ကြသည်။ အလုပ်သဘောနံနက်စာစားပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံနှင့်အိုင်အယ်လ်အိုတို့ လက်ရှိပူးပေါင်း ဆောင်ရွက်နေမှုများနှင့် ဖြစ်ပေါ်တိုးတက်နေမှုများကို အသိပေး ဆွေးနွေးပြောကြားခဲ့သည်။ အဆိုပါနံနက်စာစားပွဲသို့ အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂျီနီဗာမြို့ရှိ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးများနှင့် အလုပ်သမား ဝန်ကြီးဌာနများမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်သည် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယအတွင်းဝန် ဒေါ်ခင်ဦးလှိုင်တို့ လိုက်ပါလျက် ဇွန် ၁၃ရက်တွင် ကုလသမဂ္ဂအဆောက်အအုံ အခန်းအမှတ်(၇)၌ ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသအုပ်စုမှ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

သီးခြားစီတွေ့ဆုံ

ညီလာခံ ကာလအတွင်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အမှုဆောင် ညွှန်ကြားရေးမှူးဖြစ်သူ Mr. Kari Tapiola နှင့် လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Juan Somavia နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

ဆန္ဒမဲအသီးသီးပေးခဲ့

ဇွန် ၁၄ရက် နံနက်ပိုင်းတွင် ပြုလုပ်သည့်အိုင်အယ်လ်အို၏ ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုချက်နှင့် အညီ အစီအစဉ်ကို အတည်ပြုချမှတ်ရာတွင် လည်းကောင်း၊ ငါးလုပ်ငန်းကဏ္ဍတွင် အလုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်နှင့် တိုက်တွန်းချက်များအဖြစ် အတည်ပြုချမှတ်ရာတွင် လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရ ကိုယ်စားလှယ်များဖြစ်ကြသော အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်၊ အလုပ်ရှင်ကိုယ်စားလှယ် ဒေါက်တာ ပွင့်စန်းနှင့် အလုပ်သမား ကိုယ်စားလှယ် ဦးခင်မောင်ဦးတို့က အိုင်အယ်လ်အိုဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အပိုဒ် ၄ ပိုဒ်ခွဲ(၁)နှင့်အညီ အီလက်ထရွန်နစ် မဲပေးစနစ်ဖြင့် ဆန္ဒမဲ အသီးသီးပေးခဲ့သည်။

ဆွေးနွေးခဲ့

မြန်မာကိုယ်စားလှယ်အဖွဲ့မှ အလုပ်ရှင် ကိုယ်စားလှယ် ဒေါက်တာ ပွင့်စန်းသည် ဇွန် ၁၄ ရက် ညနေပိုင်းတွင် စုံညီအစည်းအဝေး၌ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ရန်ကင်း(၁၆)ရပ်ကွက် ပြည်သာယာလမ်း အမှတ် ၂၄ နေ ဦးကျော်ဝင်း-ဒေါ်ခင်ဝင်းကြည် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာက လက်ခံယူစဉ်။ (၁၁၅)

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း သူကြွယ်လမ်းနေ ဦးဘိုကေ-ဒေါ်စန်းမြင့်နှင့် သားသမီး၊ မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးရေး ညှိနှိုင်းစည်းဝေး

စစ်ကိုင်းတိုင်း ၂၀၀၇-၂၀၀၈ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးရေးညှိနှိုင်းအစည်းအဝေးကို မေ ၁၅ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (မုံရွာမြို့) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရေးဦးစွာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကား ပြောကြားပြီး ဒုတိယအထွေထွေမန်နေဂျာ(စီမံ)ဦးဝင်းဟန်က ချေးငွေ ထုတ်ချေးရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ၊ အသုံးစရိတ် ရန်ပုံငွေကိစ္စရပ်များကိုလည်းကောင်း၊ လက်ထောက် အထွေထွေ မန်နေဂျာ (တိုင်းကြီးကြပ်) ဦးစိန်လှထွန်းက စာရင်းပိုင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တိုင်း မန်နေဂျာ ဦးသန်းဆွေအောင်နှင့် ဒုတိယ တိုင်းမန်နေဂျာ ဦးမျိုးမြင့်ဦးတို့က စစ်ကိုင်းတိုင်း၏ ချေးငွေ ထုတ်ချေးခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။ စစ်ကိုင်းတိုင်းအတွင်း ၂၀၀၇ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၅၇၂၉၆ သိန်းနှင့် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွက် လယ်ယာ ၁၆၊ လယ်ယာ ၂၂ လက်တွန်း ထွန်စက် အစီး ၆၀၀ ဝယ်ယူနိုင်ရန် ထုတ်ချေးသွားမည် ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက် စာဖတ်ဝိုင်းများ မြင်းမူ၌ကျင်းပ

မြင်းမူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ဝိုင်းများကို မေ ၂၄ ရက်နှင့် ၂၅ရက်တွင် မြင်းမူမြို့နယ် ဝမ်းပြည့်စံပြကျေးရွာနှင့် မြစ်ပေါက်ကျေးရွာ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက စာဖတ်ဝိုင်းများကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စာထောက်-၃၊ ဦးမြင့်နိုင်စိုးက မေ ၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ငါးမင်းဆွေရေးသားသော ဘာအရေးကြီးသလဲ ဆောင်းပါးကိုလည်းကောင်း၊ ဦးအောင်စိုးဖေ(လုပ်သား-ရပ်/သံ)က ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၇)ပါ ဓမ္မနှင့်အဓမ္မခေါင်းကြီး ပိုင်းကိုလည်းကောင်း၊ ဒေါ်နုယဉ်က ဒို့ကျေးရွာဂျာနယ် အတွဲ(၄)အမှတ် (၉)ပါ ကျေးဇူးတင်ပါသည် ခေါင်းကြီးပိုင်းကိုလည်းကောင်း ဖတ်ကြားရှင်းလင်းကြပြီး စာကြည့်တိုက်အသင်းဝင်များဖြစ်ကြသော ဦးတင်အုန်း၊ ဦးရဲမြင့်၊ ဦးကျော်စွာဝင်းနှင့် ကျေးရွာဥက္ကဋ္ဌဦးအောင်ခင်တို့က ပါဝင်ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံ

စစ်ကိုင်းခရိုင် မြောင်မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်သံဃာ့ဆေးရုံတွင် မေ ၁၄ ရက် နံနက် ၆ နာရီက အသက်ကိုးလမှ ငါးနှစ်အတွင်းရှိကလေးငယ်များ အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးအစီအစဉ် ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်မောင်ဦးတို့က အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးရေး အစီအစဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။**(က-ပ)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

တံတားဦး၌ သီး၊ ဆိတ် မျိုးကောင်း မျိုးသန့်ပြိုင်

တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် တံတားဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့်ပြပွဲ၊ ပြိုင်ပွဲကို မေ ၂၀ရက် နံနက်၉နာရီက တံတားဦးမြို့နယ် မေဃဝန် အခြေခံပညာမူလတန်းကျောင်း အတွင်း၌ ကျင်းပရာ သိုး၊ ဆိတ် မျိုးကောင်း မျိုးသန့်များ တစ်ကောင်ချင်းစီပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရသော သိုး၊ ဆိတ် ပိုင်ရှင်များအား တာဝန်ရှိသူများက ဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာသင်ထောက်ပံ့ကြေးပေး

မြင်းခြံမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က မြင်းခြံခရိုင် ရဲရိပ်သာ၌ကျင်းပရာ ဒုတိယရဲမှူး အောင်တင့်က တပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူ ၁၂၇ ဦးအတွက် စုစုပေါင်း ငွေကျပ် ၃၃၃၀၀၀ အား အသီးသီး ချီးမြှင့်ပေးအပ်ကြောင်းသိရသည်။

(၄၀၂)

မြို့နယ်ဥက္ကဋ္ဌ ဖလား ကျေးရွာ၊ ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ရွှေညောင်ကွင်းအုပ်စုဖွင့်ပွဲ အခမ်းအနားကို မေ ၁၇ ရက်က ရွှေညောင်မြို့နယ် အားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာက ကွင်းအတွင်း ဘောလုံးကန်သွင်း၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ပြိုင်ပွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၁၆)ရှိ ပအိုဝ်းအမျိုးသားများ ဘက်စုံဖွံ့ဖြိုးရေးကွင်းတွင် ၃၁ သင်းနှင့် ရွှေညောင်မြို့ရှိ မြို့နယ်ဘောလုံး ကွင်းတွင်၂၁သင်း၊ အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားပြီး ရပ်ကွက်၊ ကျေးရွာဘောလုံးအသင်း ၅၂သင်း ပါဝင်ယှဉ်ပြိုင်ကြကာ အုပ်စုဗိုလ်ရရှိသည့် အသင်းများကို ဒုတိယအုပ်စု ပတ်လည်ပြိုင်ပွဲအဖြစ် တောင်ကြီးမြို့ ပြည်နယ် အားကစားကွင်းတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ကျွန်းလှ ထွေ/အုပ် ဝန်ထမ်းများ တူညီဝတ်စုံပေးအပ်

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ တူညီဝတ်စုံပေးအပ်ပွဲကို ဇွန် ၇ ရက်က မြို့နယ်စုပေါင်းရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က တူညီဝတ်စုံပေးအပ်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်း ၁၅ဦး အတွက် ငွေကျပ် ၉၇၅၀၀ တန်ဖိုးရှိ တူညီဝတ်စုံ ၁၅ စုံကို ဝန်ထမ်းများ ကိုယ်စား မြို့နယ် ဒုတိယဦးစီးမှူး ဦးညွန့်ဆန်းထွန်းထံ ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ကြီးမှူးဖွင့်လှစ် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး သုံးဘီးမော်တော်ယာဉ်အသင်း

ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးဖွင့်ပွဲအခမ်းအနားကျင်းပ

ပြင်ဦးလွင် ဇွန် ၁၀

ပြင်ဦးလွင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ပြိုင်မြင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး သုံးဘီးမော်တော်ယာဉ်အသင်း ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၈ နာရီက ပြင်ဦးလွင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ငွေးကျော်နှင့်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြိုင်မြင်း သုံးဘီးမော်တော်ယာဉ်မှူးများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ပြိုင်မြင်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး သုံးဘီးမော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးအောင်ငွေးကျော်တို့က ဆိုင်းဘုတ်နှင့် မော်တော်ယာဉ် အသင်းရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင် ပြည်မြို့နေ ဒေါ်မြင့်မြင့်ရီ၏ (၄၈)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေ ကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မုံရွာမြို့နယ် ရဲတပ်ဖွဲ့ဝင် သားသမီးများ ပညာသင်စရိတ်ထောက်ပံ့ကြေးငွေပေးအပ်

မုံရွာ ဇွန် ၅

မုံရွာမြို့ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီခွဲက မုံရွာမြို့ အမှတ်(၁)ရဲစခန်းဝင်းအတွင်းရှိ ရဲခမ်းမှာရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မုံရွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်း၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်စံသောင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊မိသားစုများနှင့် ၎င်းတို့၏ သားသမီးများ တက်ရောက်ကြသည်။

ထောက်ပံ့ကြေးငွေပေးအပ်

ရှေးဦးစွာ မုံရွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်းက ပညာသင်စရိတ်ထောက်ပံ့ကြေးငွေပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တက္ကသိုလ် အဆင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ စီဖြင့် ငွေကျပ် ၂၁၀၀၀ ကို တက္ကသိုလ်ကျောင်းသား ကျောင်းသူ ခုနစ်ဦး ကိုယ်စား ကျောင်းသူ မနန်းချယ်ရီဝင်းအားလည်းကောင်း၊မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်တင်တင်ဦးကအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ၂၂ဦးအတွက်တစ်ဦးလျှင်ငွေကျပ်၂၅၀၀ စီဖြင့် ငွေကျပ် ၅၅၀၀၀ ကို အထက်တန်းကျောင်းသား ကျောင်းသူ ၂၂ ဦး ကိုယ်စား ကျောင်းသား မောင်ကျော်မျိုးအောင်အား လည်းကောင်း၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်စံသောင်းက အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၃ ဦးကိုယ်စား ကျောင်းသား မောင်သကြိန်အားလည်းကောင်း၊ အလုံစခန်းမှူးက မူလတန်းကျောင်းသား ကျောင်းသူ ၅၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ စီဖြင့် ငွေကျပ် ၅၇၀၀၀ ကို ကျောင်းသား ကျောင်းသူ ၅၇ ဦး ကိုယ်စား ကျောင်းသူ မအိမ့်ငုံဖူးအားလည်းကောင်း တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။ **(အပေါ်ပုံ)**

တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၉ ဦးအတွက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ငွေကျပ် ၁၉၉၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

မိုးရာသီ သီးနှံများ အချိန်နှင့်တစ်ပြေးညီစိုက်ပျိုးရန် ဘဏ်ချေးငွေများထုတ်ချေး

ရေစကြို ဇွန် ၁၅

မကွေးတိုင်း ရေစကြိုမြို့ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ၂၀၀၇-၂၀၀၈ မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဘဏ်ချေးငွေများကို အချိန်နှင့် တစ်ပြေးညီ စိုက်ပျိုးထုတ်လုပ်ရန်အတွက် ဇွန် ၇ ရက်က ကျေးရွာအုပ်စုပေါင်း ၂၄ အုပ်စုသို့ ငွေကျပ် ၅၄၈၆၆၀၀၀ ထုတ်ချေးပြီး ကျန်ကျေးရွာအုပ်စု ၂၀ အား ဇွန်လအတွင်း ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၂၅၁)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင် ခေတ္တညွှန်မှူး တာချီလိတ် စည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

တာချီလိတ် ဇွန် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ခေါင်းဆောင်သောအဖွဲ့သည် မေ ၁၇ ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာရေး လုပ်ငန်းများ၊ မြို့သာယာလှပရေး လုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ဈေးများ သန့်ရှင်းရေး စနစ်တကျ ခင်းကျင်းရောင်းချရေးလုပ်ငန်းများ၊ ဝန်ထမ်းအိမ်ရာ ဆောင်ရွက်ထားမှုများနှင့် မြို့ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ခေတ္တ ညွှန်ကြားရေးမှူးနှင့်အဖွဲ့စစ်ဆေးရာသို့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးအောင်ကိုလတ်နှင့် ခေတ္တတာဝန်ခံ အင်ဂျင်နီယာလက်ထောက်အင်ဂျင်နီယာဦးဇော်မျိုးသက်တို့က ရှင်းလင်းတင်ပြကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်မိခင်/ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ပညာပေးဟောပြော

တနိုင်း ဇွန် ၁၀

ကချင်ပြည်နယ် တနိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက်၉နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ထားအိလှိုင်က အမှာစကား ပြောကြားသည်။

ဟောပြောဆွေးနွေး

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ရီရီသွယ်က ဆေးလိပ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ထားအိလှိုင်နှင့် ဥက္ကဋ္ဌ ဒေါ်နီနီအောင်တို့က ဆေးလိပ်မသောက်ရ နံရံကပ်ပိုစတာများ ဝေငှပေးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့ ကျောင်းများသွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇွန် ၂၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် သက်နိုင်ဝင်းနှင့်ဇနီးတို့သည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၃ ရက် နံနက် ၇နာရီက မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းအတွက် ဆေးဖျန်းစက်ဖြင့် ခြင်ဆေးမှုတ်ဆောင်ရွက်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပညာပေးစာစောင်များဖြန့်ဝေခြင်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက စေတနာညကျောင်းအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် သုခဝတီ အခြေခံပညာအလယ်တန်းကျောင်းနှင့် မျှော်လင့်ရပ် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျန်းမာရေးဦးစီးဌာန အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ပညာပေးစာစောင်များ ဖြန့်ဝေနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန သိမ်ကြီးဈေး အေရုံ၊ ဘီရုံ၊ ပန်းဘဲတန်းမြို့နယ် ပထမအကြိမ် ဒုလ္လဘရဟန်းခံ၊ ရှင်ပြုတို့က အလှူငွေကျပ် ၁၁၀၀၀ နှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်ခြောက်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမြင့်က လက်ခံယူစဉ်။ (က-ပ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဓာတ်လမ်းပမာ ထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၂၀

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုသက်မှူး (မရမ်းကုန်း)၏ ဝတ္ထု/ဇာတ်ညွှန်းကို မြန်မာ့အသံက စီစဉ် ထုတ်လွှင့်မည့် **"နေခြည်ဝေဖြာ ရွှေပြည်မြန်မာ"**ဇာတ်လမ်းကို ဇွန် ၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲနှင့် ဇွန် ၂၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂နာရီ မိနစ်၂၀တို့တွင် မြန်မာ့အသံရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်မည်ဖြစ်ရာ အဆိုပါ ဇာတ်လမ်းတွင် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုသက်မှူး (မရမ်းကုန်း)၏ ဝတ္ထု/ဇာတ်ညွှန်းကို မြန်မာ့အသံက စီစဉ် ထုတ်လွှင့်မည့် "နေခြည်ဝေဖြာ ရွှေပြည်မြန်မာ" ဇာတ်လမ်းကို မြန်မာ့အသံရေဒီယို အစီအစဉ်မှ ထုတ်လွှင့်ရန် မြန်မာ့အသံဝန်ထမ်းများ ပါဝင် သရုပ်ဆောင်ကြစဉ်။ (မြန်မာ့အသံ)

ဆက်ကပ်လှူဒါန်း

ဇွန် ၁၄ရက်က ဦးသိန်းဟန်-ဒေါ်ကြိုင်(မြို့မရွှေဆိုင်) မိသားစုတို့က ဒေါ်ကြိုင်၏ (၇၃)နှစ်ပြည့် မွေးနေ့မင်္ဂလာအဖြစ် ဓမ္မာစရိယတန်း စာအောင်သံဃာတော်များအတွက် အတန်းဆိုင်ရာ စာအုပ်စာတမ်းများ၊ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများအား ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ် ၂ဝိုင်း ဓမ္မသိပ္ပံစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဂန္ထဝါစက ပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တဝဏ္ဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကံ့ကော်မြိုင်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၀

သင်္ဃန်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက် (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို မနောရမတိုက်ကျောင်း ဓမ္မသဘင်ခန်းမ၌ ဇူလိုင် ၂၂ ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်း၊ဆွမ်းနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၇၈၄၂၉ သို့ဖြစ်စေ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း ပစ္စည်းလေးပါး ထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

(၃၅၂)

✻ ရှေ့ဖုံးမှ

အကျိုးအမြတ်ဖြစ်ထွန်း

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပြည်နယ်မန်နေဂျာ ဦးကျော်သန်းက သီးနှံများ ထွက်နှုန်းကောင်းအောင် လိုအပ်သော မျိုးကောင်းမျိုးသန့်များ ဆောင်ရွက်ပေးသွားမည့် အခြေအနေနှင့် သီးနှံများ အကျိုးအမြတ် ဖြစ်ထွန်းအောင် ခေတ်မီစိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက စိုက်ပျိုးမြေဖော်ထုတ်ရာတွင် ထွက်ရှိသော သစ်များအား မြန်မာ့သစ်လုပ်ငန်း၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း ပြည်နယ်သစ်ထုတ်လုပ်ရေးမန်နေဂျာ ဦးသင်းကြူက ကုမ္ပဏီများ၏ သစ်ထုတ်ဧရိယာများအား ပြည်နယ်သစ်ထုတ်လုပ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည့် အခြေအနေများကို လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ညှိနှိုင်း

ထို့နောက် စိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီတာဝန်ခံများက မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးမြေဖော်ထုတ်ပြုပြင်မှု၊ စိုက်ပျိုးပြီးစီးမှု၊ နှစ်တိုနှစ်ရှည်သီးနှံပင်များ၊ စိုက်ပျိုးလုပ်ကိုင်မည့် အခြေအနေနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးဆောင်ရွက်မည့် အခြေအနေများကို ကုမ္ပဏီအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မိုင်းပျဉ်း၊ ကျိုင်းခမ်း၊ နောင်ပိုးဒေသရှိ မြေလွတ်မြေရိုင်းဧက ၁၁၁၃၀၀ အား ကုမ္ပဏီ ၃၃ ခုတို့မှ စီမံကိန်းချမှတ်အကောင်အထည်ဖော်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

(၂၀-၆-၂၀၀၇)

ဟုမ္မလင်း	**၂ ဒသမ ၈၃ လက်မ**
သထုံ	**၂ ဒသမ ၀၀ လက်မ**
ကော့သောင်း	**၁ ဒသမ ၉၇ လက်မ**
တောင်ကြီး	**၁ ဒသမ ၉၃ လက်မ**

ရန်ကုန်/မန္တလေး မြရောဈေးသင်္ဘော မန္တလေးမြို့မှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာ

ရန်ကုန် ဇွန် ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကုန်စည်ပို့ဆောင်ရေးဌာနခွဲ ရန်ကုန်/မန္တလေး "မြရော"ဈေးသင်္ဘောနှင့် "ဘ-၈၀၉"၊ "ဘ-၈၁၀" ဈေးတွဲနှစ်တွဲ တို့သည် မီးဖိုချောင်သုံးပစ္စည်းများနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း ၁၃၇၆ တန်နှင့် ခရီးသည် ၆၀ တို့တင်ဆောင်ပြီး ဇွန် ၁၉ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ဂေါ်ဝိန်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာလာသည်။ **(အောက်ပုံ)**

ရောင်းချပေးသွားမည်

အဆိုပါ ဈေးသင်္ဘောသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများမှ မိမိတို့ဒေသ၌ပင် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန် ခရီးစဉ်တစ်လျှောက်ရှိ မြို့၊ ရွာဒေသများသို့ ညအိပ်ဆိုက်ကပ် ရပ်နားပြီး ဈေးရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ထောက်ပံ့

ထို့နောက်ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝေလင်းက ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်နှင့် သင်ထောက်ကူပစ္စည်းများအတွက် အလှူငွေများအား ကျောင်းအုပ်ချုပ်မှု တာဝန်ခံများသို့ ထောက်ပံ့ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကား

ဇွန် ၁၄ ရက် နံနက်၉နာရီတွင် တိုင်းမှူးသည် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ကျင်းပသည့်၂၀၀၇ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် တိုင်းမှူးက (၅၅)ကြိမ်မြောက်သွေးလှူရှင်များ ဖြစ်ကြသော ကျိုင်းတုံမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ဦးတိုးတိုးဝင်းနှင့် မိုင်းဆတ်မြို့ ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးစိုင်းမြင့်သိန်းတို့ကိုလည်းကောင်း၊ (၅၁)ကြိမ်မြောက် သွေးလှူရှင် ကျိုင်းတုံမြို့ အမှတ်(၁) ရပ်ကွက်နေ ဦးစိုင်းလုံးတစ်အားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြူကြူလှက (၄၁)ကြိမ်မြောက် သွေးလှူရှင်များဖြစ်သော မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဦးစိုင်းလုံ၊ ဒုအရာခံဗိုလ်အေးရွှေနှင့် အကြိမ်(၄၀)မြောက် သွေးလှူရှင် ကျိုင်းတုံမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ဦးနေဝင်းတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

မှတ်တမ်းလွှာပေးအပ်

ထို့နောက် အလှူရှင်များက သွေးခံပုလင်းများကို လှူဒါန်းကြရာ ဇော်ဆေးဆိုင် ဦးသိန်းထိုက်၊ ဒေါ်နန်းဝိုးတစ် မိသားစုက သွေးခံပုလင်း ၈၀နှင့် ကျိုင်းတုံမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ကျန်းမာရေးစီမံချက်လက်ထောက် ဦးစိုးပန်းကြင်က သွေးခံပုလင်း ၅၀ တို့အား ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာငွေးကြွယ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက်သွေးလှူရှင်များကိုယ်စား (၅၅)ကြိမ်မြောက် သွေးလှူရှင် ဦးတိုးတိုးဝင်းက သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေးမှာကြား

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားမှုတို့ကို ဌာနဆိုင်ရာများ၊ မိတ္ထီလာနှင့် သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အသင်းဝင်များနှင့် ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားမှုတို့ကို ကြည့်ရှုအားပေးစဉ်။ (လယ်/ဆည်)

ရှေးဦးစွာအထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် ကုန်းတောင်း အနောက်ကျေးရွာ လယ်သမားကြီး ဦးဝင်းစိန်၏ ရေဆင်းလုံးသွယ် နွေစပါး စိုက်ခင်း၌ စပါးရိတ်သိမ်း ခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရပ်မိရပ်ဖ ကျေးရွာလူထုနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လယ်ယာလုပ်ငန်း အဆင့်ဆင့်တွင် စက်စွမ်းအား အသုံးပြုဆောင်ရွက်ရေး၊ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုစရိတ် လျော့နည်းအောင် ကူညီဆောင်ရွက်ပေးရေး၊ ကျေးရွာလူထု၊ ဌာနဆိုင်ရာနှင့် လူမှုရေး အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လွန်ခဲ့သည့်နှစ်နှစ်တာကာလက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မဖူလုံသည့် ကျေးရွာအုပ်စုမှ ရေရရှိမှု စိုက်ပျိုးမှုနည်းပညာ ဆောင်ရွက်ပေးမှုတို့ဖြင့် စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာပြီး ပတ်ဝန်းကျင်ကျေးရွာ မြို့နယ်များသို့ အထွက်ကောင်း မျိုးစပါးဖြန့်ဖြူးပေးနိုင်သည်အထိ ဆောင်ရွက်လာနိုင်မှုကို စံနမူနာယူ၍ဒေသစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင်ဆောင်ရွက်ကြရန်မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အထွေထွေအတွင်းရေးမှူးက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရန် လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးပြီး ရပ်မိရပ်ဖ တစ်ဦးထံ ကျေးရွာလူထုစုပေါင်း ပြုပြင်မွမ်းမံနေသည့် မြဆံတော်ဘုရား ရွှေသင်္ကန်းကပ်လှူမှုနှင့် ဘက်စုံပြုပြင်မွမ်းမံမှု အလှူတော်ငွေ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကျေးရွာတွင်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းနှင့် အိမ်ဝင်းကာရံမှုအဖြစ် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုအားပေးပြီး ရွာရှိ သဘာဝရေလျှံတွင်းမှ ရေထွက်ရှိမှုကို ကြည့်ရှုသည်။

ထို့နောက် ဌာနဆိုင်ရာ ကျေးရွာလူထုနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း တည်ဆောက်ထားသည့် ကုန်းတောင်းကန်တွင် ရေအပြည့်အဝ ဝင်ရောက်နေမှုအခြေအနေနှင့် စိုက်ပျိုးရေပေးဝေမှုကို ကြည့်ရှုသည်။

ကြည့်ရှု

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် သာစည်မြို့နယ် အပျောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ စေတနာရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ကျေးရွာလူထု စုပေါင်းပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများကို ကြည့်ရှုပြီး ကျေးရွာလူထု ဆရာ ဆရာမများ၊ ကျောင်းကြီးကြပ်ရေးကော်မတီဝင်များအား တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည် မြင့်မားရေး၊ ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းပညာသင်ကြားနိုင်ရေးတို့ကို မှာကြားကာ ပညာရေးရန်ပုံငွေပဒေသာပင် စိုက်ထူလှူဒါန်းသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာမှန်ကျောင်း ဆရာတော် ဦးတိလောကအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျေးရွာလူထုနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆွေးနွေးမှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် လောကရန်နိုင်စေတီ၊ လောကမာန်အောင်စေတီနှင့် လောကထိပ်ပန်စေတီများ၊ ဘက်စုံပြုပြင်မွမ်းမံမှုကို ကြည်ညိုဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီမံကိန်းတာဝန်ပေးအပ်ပွဲ သန်လျင်၌ ကျင်းပ

ရန်ကုန် ဇွန် ၂၀

သန်လျင်မြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ရက် နံနက် ၁၁နာရီတွင် သန်လျင်မြို့ သီဟဒီပအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(မြို့နယ်စီမံကိန်းဦးစီးမှူး) ဦးရဝေထွန်းက စီမံကိန်းရည်မှန်းချက်တာဝန်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဌေးက စက်ရုံ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များပေးအပ်သည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၆-၂၀၀၇ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၂၅ ၉။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၀ ၇။ တေးဂီတအစီအစဉ်
၁၇:၃၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၅၀ ၉။ **ငါးရစ်မျိုးငါး.....တို့မစား** ဇေရာ၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညီညီစိမ့်၊ မြသက်ထား (ဒါရိုက်တာ-ရဲဝင်းနီ)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၈:၅၅ ၁၃။ မြန်မာမလေးတွေ မြန်မာလိုလှစေချင်
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေရောင်သမ်းသော အသည်းနှလုံး** (အပိုင်း-၁၂)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၁၃)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

■ *ကျော့ဖုံးမှ*

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးသည် မုံရွာမြို့ မြို့မအားကစားပြိုင်ကွင်း အတွင်းကျင်းပသော ရန်ကုန်တိုင်း ရွှေခြည်သို့ သမဝါယမအသင်း လီမိတက်မှ စုစည်းကျင်းပသည့် အဆင့်မြင့် မုံရွာမြို့ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ တက်ရောက်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးတင်ဦး၊ စစ်ကိုင်းတိုင်း သမဝါယမ ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးဝေလင်း၊ ရွှေခြည်သို့ သမဝါယမအသင်းလီမိတက်မှ ဥက္ကဋ္ဌ ဦးမြညွန့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ပြခန်းများ ခင်းကျင်းပြသထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ရွှေခြည်သို့ သမဝါယမအသင်း၏သရုပ်ပြအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်မှု အခြေအနေများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘများဖြစ်ကြသော (ဦးထွန်းမောင်၊ အငြိမ်းစား အကောက်ခွန်မင်းကြီး)-ဒေါ်တင်တင်ဦး(ပြည်မြို့)တို့အား ရည်စူး၍ အမှတ် ၂၆၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းတာမွေမြို့နယ်နေ သား ဦးဝင်းနိုင် (ကောင်းထက်ကျော် ပညာ့ရိပ်မွန်)-ဒေါ်မြိုင် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၁၁၁၁၀ကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်သုန္ဒရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ညောင်ဦးအကျဉ်းထောင် သောက်ရေသန့်စက်ရုံဖွင့်

ရန်ကုန် ဇွန် ၂၀

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညောင်ဦးအကျဉ်းထောင်၏ သောက်ရေသန့်စက်ရုံနှင့် ရေလောင်းမိလ္လာဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်တွင် အဆိုပါ အကျဉ်းထောင်၌ ကျင်းပရာ အကျဉ်းဦးစီးဌာနနှင့် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ သောက်ရေသန့်စက်ရုံ အလှူရှင်များဖြစ်ကြသော ဦးအောင်မြတ် (Mother Trading Co., Ltd.)၊ ဦးထွန်းဝင်း (Step Co., Ltd.)နှင့် ရေလောင်းမိလ္လာအလှူရှင် ဒေါက်တာ မောင်မောင်အေး (မိုးဟိန်းကုမ္ပဏီလီမိတက်)တို့က သောက်ရေသန့်စက်ရုံနှင့် ရေလောင်းမိလ္လာတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းသောက်ရေသန့် စက်ရုံနှင့် ရေလောင်း မိလ္လာတန်ဖိုးမှာ ငွေ ၁၁၀၁၂၄၃၄ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်းအသင်း နိုင်ပွဲဆက်ပြီး အုပ်စုတက်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း(မြန်မာလိဂ်)ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ပြည်ထဲရေးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တက်ရောက်ရန်သေချာ

စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို မျိုးမင်းထွန်း၊ ကျော်ဇင်ဝင်းနှင့် ဟိန်းဇာထွန်းတို့က တစ်ဂိုးစီသွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းသည် ဇွန် ၁၆ရက်က ဆောက်လုပ်ရေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်ရန် သေချာသွားပြီဖြစ်သည်။

ယနေ့ပွဲ

ဇွန် ၂၁ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇအသင်း၊ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

စံပြရဲနှင့် ရဲကျင့်ဝတ်ဖြေဆို

ရန်ကုန် ဇွန် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ ပြည်နယ်အဆင့် စံပြရဲနှင့် ရဲကျင့်ဝတ် ဖြေဆိုဆန်းစစ်ခြင်း အခမ်းအနားကို ဇွန် ၁၆ရက် နံနက် ၈နာရီက လားရှိုးမြို့ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကံလှိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(က-ပ)**

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

စိန့်ပေါလ်ကျောင်းသားဟောင်းများ မိတ်ဆုံညစာစားပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

နှစ်စဉ် ကျင်းပမြဲ ဖြစ်သော စိန့်ပေါလ် ကျောင်းသားဟောင်းများ၏ ခြောက်လပတ် မိတ်ဆုံညစာစားပွဲကို ဇွန် ၂၉ရက် (သောကြာနေ့) ည ၆ နာရီခွဲတွင် Lion City Restaurant (ရေကြောင်းသိပ္ပံကျောင်းရှေ့) တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့် အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှုအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

လေကြောင်းပြပွဲ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပသည့် (၄၇)ကြိမ်မြောက် ပါရီလေကြောင်းပြပွဲ၌ ရဟတ်ယာဉ်ပုံစံတစ်ခုကို ဇွန် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စင်ကာပူထုတ်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှု မြင့်တက်

စင်ကာပူ ဇွန် ၂၀

စင်ကာပူနိုင်ငံသည် ပြီးခဲ့သည့် မေလက ရေနံမဟုတ်သော ပြည်တွင်းထုတ်ကုန်များ ပြည်ပတင်ပို့မှုမှာ ၃ဒသမ ၇ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် နှစ်ချင်းအလိုက်တိုးတက်မှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ဘီလီယံခန့်ရှိကြောင်း စင်ကာပူအစိုးရက ဇွန် ၁၈ရက်တွင် ထုတ်ပြန်သော စာရင်းဇယားများ၌ ဖော်ပြသည်။

ဖော်ပြ

အဆိုပါ စာရင်းဇယားများအရ စင်ကာပူရှိ နိုင်ငံတကာ စီးပွားရေး လုပ်ငန်းများ၊ စင်ကာပူနိုင်ငံ၏ ကုန်သွယ်ရေး တိုးတက်မှုဆောင်ရွက်ရေး အေဂျင်စီများနှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများက ပြည်ပတင်ပို့မှုကျဆင်းခဲ့သော်လည်း ကျန်ထုတ်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့ခဲ့ရသည်ဟု စင်ကာပူအစိုးရက ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

နှေးကွေး

စင်ကာပူနိုင်ငံ၏ အီလက်ထရွန်နစ် ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုမှာ ဆက်လက်နှေးကွေးနေဆဲ ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပန်းနာရင်ကျပ်ဝေဒနာ ထိန်းချုပ်ရေး ကျန်းမာရေး အသိပညာပေးရန်လိုအပ်

နယူးယောက် ဇွန် ၂၀

ပန်းနာရင်ကျပ်ရောဂါဝေဒနာရှင်များအနေဖြင့် ဆေးဝါးထုတ်လုပ်ရောင်းချသူတစ်ဦး၏ အကူအညီဖြင့် အကြံဉာဏ်တို့ကို လက်ခံရယူခြင်းဖြင့် ဝေဒနာခံစားရမှုကို ပိုမိုထိန်းချုပ်ကာ အခြေအနေ သက်သာကောင်းမွန်သည်ကို တွေ့ရကြောင်း ဩစတြေးလျ သုတေသီတို့၏ လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

တွေ့ရှိ

ဆေးဝါးထုတ်လုပ်ရောင်းချမှု ဌာန၏ ပန်းနာရင်ကျပ် ပြုစုစောင့်ရှောက်ရေး အစီအစဉ်ကြောင့် ပန်းနာရင်ကျပ် သမားများမှာ ကျန်းမာရေးအတွက် စည်းစနစ်ထား၍ မပြတ်ကျင့်သုံးပြီး အမောဆို့ခြင်းနှင့်သလိပ်သံဖြင့် ခက်ခက်ခဲခဲ အသက်ရှူခြင်းဝေဒနာကို ကာကွယ်နိုင်ကြောင်း သုတေသီများက တွေ့ရှိသည် ဆိုသည်။

လျော့နည်း

ဆေးဝါး ထုတ်လုပ်ရောင်းချသူများနှင့် ခြောက်လကျော်အတွင်း နှစ်ကြိမ် တွေ့ဆုံသည့် ပန်းနာရင်ကျပ် ဝေဒနာရှင် ၁၉၁ဦးမှာ ပန်းနာရင်ကျပ်ရောဂါခံစားရမှုတွင် ၈၇ဒသမ၉ရာခိုင်နှုန်းမှ ၅၂ ဒသမ ၇ ရာခိုင်နှုန်းအထိ သိသိသာသာ လျော့နည်းသွားကြောင်း တွေ့ရသည်။

အသိပညာလိုအပ်

ထို့ကြောင့် ပန်းနာရောဂါ တိုက်ဖျက်ရေးအတွက် အလားတူ အစီအစဉ်မျိုးဆောင်ရွက်ရန် သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာ ကာရိုးအာမာက တိုက်တွန်းပြောကြားသည်။ ကျန်းမာရေးအသိပညာလည်း လိုအပ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ဗြိတိန်၌ ကလေး၁၀ဦးလျှင်တစ်ဦး ဆင်းရဲနွမ်းပါးစွာ နေထိုင်ကြရ

လန်ဒန် ဇွန် ၂၀

ဗြိတိန်နိုင်ငံတွင် ကလေးငယ် ၁၀ဦးလျှင် တစ်ဦးသည် ဆင်းရဲစွာ နေထိုင်ကြရကြောင်း ၎င်းတို့၏မိသားစုဝင်ငွေမှာလည်း တစ်နှစ်လျှင် ပေါင် ၇၀၀၀ခန့်သာ ဝင်ငွေရရှိနေကြောင်း ချို့တဲ့သောကလေးများအား စောင့်ရှောက်ရေးအဖွဲ့က ဇွန်၁၉ရက်၌ ပြောကြားသည်။

အဆိုပါ ကလေးငယ်များမှာ နွေးထွေးမှုရှိသော နေအိမ်များ၌လည်း နေထိုင်ကြရမှု မရှိကြောင်း၊ ကျောင်းမတက်နိုင်ခြင်းနှင့် အစားအစာကိုအတိုင်းအတာဖြင့်သာ စားသောက်ရခြင်းတို့ ကြုံတွေ့နေရကြောင်း ၎င်းတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့သော အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ကလေးငယ်များမှာ ဗြိတိန်နိုင်ငံရှိ ကလေးငယ်အားလုံး၏ ၁၀ဒသမ၂ရာခိုင်နှုန်းခန့်ရှိပြီး အရေအတွက်အားဖြင့် ကလေးငယ် ၁ ဒသမ ၃ သန်းခန့် ရှိနေကြောင်း ယင်းတပ်ဖွဲ့က ပြောကြားသည်။

လန်ဒန်မြို့ရှိ ကလေးအချို့မှာလည်း ထိုပြဿနာများ ကြုံတွေ့ခံစားရလျက်ရှိကြောင်း တစ်နှစ်လျှင် ပေါင် ၁၉၀၀၀ခန့် ဝင်ငွေရရှိသော မိသားစု ခြောက်စုတွင် တစ်စုခန့်သည် ဆင်းရဲနွမ်းပါးမှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဂျာမနီနိုင်ငံ ဘောလ်တစ်ပင်လယ်ပြင်တွင် ရွက်လှေပြိုင်ပွဲ ကျင်းပနေသည်ကို ဇွန်၁၇ ရက်က တွေ့ရစဉ်။

(အဆိုပါပြိုင်ပွဲတွင်နိုင်ငံပေါင်း ၅၀မှ ပြိုင်ပွဲဝင် ၄၂၀၀ခန့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။)

(ဓာတ်ပုံ–အင်တာနက်)

သင်္ဘောပေါ်မှ မူးယစ်ဆေးဝါးများ စပိန်ရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

မက်ဒရစ် ဇွန် ၂၀

အတ္တလန္တိတ် သမုဒ္ဒရာတွင် သင်္ဘောတစ်စင်းပေါ်၌ ဘိန်းဖြူ လေးတန်သယ်ဆောင်လာသူ ၁၁ဦးအား စပိန်ရဲတပ်ဖွဲ့က ဇွန် ၁၉ ရက်၌ ဖမ်းဆီးရမိသည်။

အဆိုပါသင်္ဘောသည် စပိန်နိုင်ငံ အနောက်မြောက်ပိုင်း ဂလက်စီယာမြို့သို့ မောင်းနှင်လာစဉ် ပေါ်တူဂီ အနောက်ပိုင်း အက်ဇွန်ကျွန်းအရောက်တွင်သင်္ဘောပေါ်မှ ဘိန်းဖြူသယ်ဆောင်လာသူ ခြောက်ဦးနှင့်အတူ ဘိန်းဖြူများ ဖမ်းဆီးမိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယ အရှေ့ပိုင်း၌ မုန်တိုင်း တိုက်ခတ်

ကိုလ်ကာတာ ဇွန် ၂၀

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၌ လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းရာမှ ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ရာ ၁၆ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

ဇွန် ၁၇ရက်က ဘန်ဂလီပြည်နယ် အနောက်ပိုင်း၌ လေပြင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ သေဆုံးသူများတွင် အမျိုးသမီးလေးဦးနှင့် ကလေးနှစ်ဦး ပါဝင်ကြောင်း သက်ဆိုင်ရာရုံးအဖွဲ့က ပြောကြားသည်။

ရွှေ့ပြောင်း

ရာသီဥတုဆိုးရွားမှုကြောင့် ဘီဟာပြည်နယ်အနီးဝန်းကျင်ရှိ ကျေးရွာပေါင်း ၈၃ ရွာမှ နေထိုင်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ထိုဒေသရှိ သစ်ပင်များနှင့် ဓာတ်တိုင်များ ပြိုလဲခဲ့ရာ လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘက်စ် ဟားမတ်စ်အား တရားမဝင်အဖွဲ့အဖြစ် ကြေညာ

ရာမာလာ ဇွန် ၂၀

ပါလက်စတိုင်းသမ္မတ မာမွတ်အဘက်စ်က ဟားမတ်စ်အဖွဲ့အား တရားမဝင်အဖွဲ့အစည်းဖြစ်ကြောင်း ဇွန်၁၇ရက်က ကြေညာလိုက်သည်။

ထုတ်ပြန်

ဟားမတ်စ်တို့ချုပ်ကိုင်ထားသောတပ်ဖွဲ့နှင့် အခြားသောဟားမတ်စ်အုပ်စုများအားလုံးကို ပိတ်ပင်လိုက်ကြောင်း သမ္မတအဘက်စ်က အမိန့်ဒီကရီထုတ်ပြန်ခဲ့သည်။

ယင်းအုပ်စုများအား နိုင်ငံ၏ အရေးပေါ်အခြေအနေအရ ထုတ်ပြန်ထားသော ဥပဒေအရ အပြစ်ပေးအရေးယူသွားမည်ဖြစ်ကြောင်းလည်း ၎င်းအမိန့်ဒီကရီတွင် ဖော်ပြသည်။

ကျိမ်းကျိန်

ဟားမတ်စ်တို့အား ယခုကဲ့သို့ တရားမဝင်အဖွဲ့အစည်းအဖြစ် ကြေညာလိုက်ခြင်းသည် သမ္မတအဘက်စ်က အနောက်ဘက်ကမ်း၌ ပါလက်စတိုင်း အရေးပေါ်အစိုးရတွင် သမ္မတအဖြစ် ကျမ်းကျိန်ဆိုခဲ့ပြီး မိနစ်ပိုင်းအကြာတွင် ထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် ဟားမတ်စ်တို့က ပါလက်စတိုင်း အစိုးရသစ်ကို လက်မခံဘဲ ပယ်ချနေဆဲဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ၃၅ ဦး သေဆုံး

ကဘူးလ် ဇွန် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင်ဗုံးပေါက်ကွဲမှုတစ်ရပ် ဇွန် ၁၇ ရက်က ဖြစ်ပွားခဲ့ကြောင်း အာဖဂန်ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။ **(ဓါပုံ)**

ဗုံးပေါက်ကွဲမှုကြောင့် ၃၅ဦးသေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိသွားကြောင်း၊ အဆိုပါ ဗုံးဖောက်ခွဲမှုမှာ တာလီဘန်တို့ လက်ချက်ဖြစ်ကြောင်း အာဖဂန်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အစ္စရေးဝန်ကြီးချုပ်ဟောင်းဘာရက် ကာကွယ်ရေးဝန်ကြီးအဖြစ် ကျမ်းကျိန်

ဂျေရုဆလမ် ဇွန် ၂၀

အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်ဘာရက်သည် ဇွန် ၁၈ ရက်က အစ္စရေးကာကွယ်ရေးဝန်ကြီးအဖြစ် ဝန်ကြီးအဖွဲ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

သဘောတူ

ဘာရက်သည် လွန်ခဲ့သော သီတင်းပတ်က လေဘာပါတီခေါင်းဆောင်ရွေးချယ်ပွဲတွင် ရှုံးနိမ့်ခဲ့သော အမီယာ ပီရက်စ်၏ ကာကွယ်ရေးဝန်ကြီး ရာထူးနေရာကို အစားထိုးရန် ပါလီမန်က သဘောတူ ခွင့်ပြုချက်ရရှိခဲ့သည်။

နုတ်ထွက်

ဘာရက်သည် တပ်မှူးဟောင်း တစ်ဦးဖြစ်သည်။ ၎င်းသည် ၁၉၉၉ ခုနှစ်က ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

နျူကလီးယားစွမ်းအင်စက်ရုံ

တရုတ်နိုင်ငံ ကျန်စုပြည်နယ်ရှိ နျူကလီးယား စွမ်းအင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၅၂၅ ဦးရှိ

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံမြောက်ပိုင်း ဘဂ္ဂဒက်မြို့၌ ဇွန် ၁၇ ရက်က တိုက်ပွဲတစ်ခုဖြစ်ပွားရာ ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ဇွန် ၁၈ ရက်တွင် ကြေညာသည်။

အီရတ်နိုင်ငံ၏မြို့တော်၌ ၎င်းတို့၏ သယ်ယူပို့ဆောင်ရေးယာဉ်အနီး လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာရှိ ကယ်ကွတ်မြို့တွင် သီးခြားတိုက်ပွဲဖြစ်ပွားစဉ် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြသည်။

ဝင်ရောက်ကျူးကျော်

၂၀၀၃ခုနှစ်ကတည်းက အီရတ်သို့ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များ စတင်ဝင်ရောက်ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၃၅၂၅ ဦးရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ စာရင်းအရ သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စွမ်းအင်နှင့်စီးပွားရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရန် အင်ဒိုနီးရှားနှင့် အိန္ဒိယတို့ သဘောတူလက်မှတ်ရေးထိုး

ဂျကာတာ ဇွန် ၂၀

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ အပါအဝင် နယ်ပယ်သစ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်ကြရေး အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့က ဇွန် ၁၈ ရက်၌ သဘောတူညီလိုက်ကြသည်။

အဆိုပါ သဘောတူညီချက်ကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ ဇွန် ၁၅ရက်မှ ဇွန်၁၈ရက်အထိ ကျင်းပခဲ့သော တတိယအကြိမ်မြောက် နှစ်နိုင်ငံဝန်ကြီးများအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးအပြီးတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟက်ဆန်ဝီရာဂျူဒါနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပရာနပ်မူခါဂျီတို့က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

အကောင်အထည်ဖော်

ထိုသဘောတူညီချက်၌ ရေနံရှာဖွေရေးတို့၌လည်း ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပြီး နယ်ပယ်ကဏ္ဍအများအပြားတွင် တိုးတက်ဖြစ်ထွန်းမှုများ ရရှိအောင် အကောင်အထည်ဖော်သွားကြမည် ဖြစ်သည်။

အင်ဒိုနီးရှားနှင့်အိန္ဒိယနှစ်နိုင်ငံတို့သည် ၁၉၅၁ခုနှစ် မတ်လ ၃ရက်မှ စတင်ကာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသော နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်ရေးမှာ ၂၀၀၆ခုနှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ဘီလီယံအထိ ရှိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌ တာလီဘန်ခေါင်းဆောင် တစ်ဦးသေဆုံး

ကဘူးလ် ဇွန် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇနီပြည်နယ် အလယ်ပိုင်း၌ အာဖဂန်တပ်ဖွဲ့များကြောင့် ဒေသဆိုင်ရာ တာလီဘန်ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦးကို ဖမ်းဆီးမိခဲ့ကြောင်း ဇွန် ၁၆ရက်က ကာကွယ်ရေးဝန်ကြီးဌာန သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အာဖဂန်အမျိုးသား တပ်မတော် (အေအင်န်အေ)သည် လွန်ခဲ့သည့် ၄၈ နာရီကျော်က ယင်းပြည်နယ် အဓိက တာလီဘန်အကြီးအကဲ မော်လဝီအဗ္ဗဒူလ်ဘာဆာကို သုတ်သင်နိုင်ခဲ့ပြီး မူလက်ချ်ကာကာကို ဖမ်းဆီးခဲ့ကြောင်း ယင်းသတင်းက ဆိုသည်။ သို့သော်လည်း ၎င်းနှစ်ဦးသည် တာလီဘန်တပ်ဖွဲ့၌ ရာထူးအဆင့် မည်မျှရှိသည်ကို ယင်းသတင်းတွင် မဖော်ပြပေ။

ဇွန် ၁၄ ရက်က စတင်ခဲ့သော စစ်ဆင်ရေးအတွင်း တိုက်ခိုက်ရေး သမားငါးဦးကို ဖမ်းမိပြီး လက်နက်များနှင့် ကျည်ဆန်အများအပြားကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် သုံးရက်အတွင်းက နိုင်ငံ၏ အရှေ့ပိုင်းနှင့် တောင်ပိုင်း ပြည်နယ်များတွင် အာဖဂန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆိုက်ဘေးရီးယား ကျားများ တရုတ်၌ မွေးမြူ

လန်ဒန် ဇွန် ၂၀

ရှားပါးသည့် ဆိုက်ဘေးရီးယား ကျားများ မျိုးသုဉ်းပျောက်ကွယ်မသွားစေရေးအတွက် တရုတ်ပြည်မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် မွေးမြူရေးစခန်း၌ ထိုကျားများကို ထိန်းသိမ်းမွေးမြူလျက်ရှိရာ ယခုနှစ် မတ်လနောက်ပိုင်းတွင် ကျားပေါက် ၈၄ ကောင် တိုးလာကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

ဆိုက်ဘေးရီးယား ကျားသည် ကမ္ဘာ့ အရှားပါးဆုံး တိရစ္ဆာန် ၁၀ မျိုးတွင် ပါဝင်သည်။ ထိုကျားမျိုးမှာ တောထဲ၌ အကောင် ၄၀၀ခန့်သာရှိပြီး အများစုမှာ ရုရှားနိုင်ငံအရှေ့ဖျား၌ ရှိသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားကြီး

ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး လူသားဖြစ်လာသော ဂျပန်အမျိုးသားကြီးတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

ဂျပန်နိုင်ငံ တိုကျိုအနောက်တောင်ဘက် မိုင် ၅၆၀ ခန့်အကွာ မီယာကိုနိုကျိုမြို့၌ နေထိုင်သော ဂျပန်အမျိုးသားကြီး တိုမိုဂျိတာနာဘေးသည် အသက် ၁၁၁ နှစ်ရှိရာ ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး အမျိုးသားကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံခဲ့ရသည်။

(အင်တာနက်)

နှစ် ၁၀၀ ကျော် နှစ်မြုပ်နေခဲ့သည့် သင်္ဘောမှ ပုလဲများ

ရေအောက်၌ နှစ်ပေါင်း ၁၀၀ ကျော်နှစ်မြုပ်နေသော သင်္ဘောပျက်မှ ပုလဲများကို ပြသစဉ်။ (ဝဲပုံ)

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က စပိန်ကမ်းလွန်၌ နစ်မြုပ်ခဲ့သော စပိန်ရွက်သင်္ဘော တစ်စင်းမှ ရှာဖွေ တွေ့ရှိရသော ပုလဲများမှာ အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖိုးခန့်ရှိကြောင်း သိရသည်။

(အင်တာနက်)

● ကျောဖုံးမှ

အိုလံပစ်နေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားသုံးမျိုး ထည့်သွင်းကျင်းပခဲ့သည်။ လူသစ်တန်းပြိုင်ပွဲတွင် ပထမ ကျော်မင်းဦး၊ ဒုတိယ မြင့်ကျော်၊ တတိယ ဝေလင်းမောင်၊ သက်ကြီးတန်းပြိုင်ပွဲတွင် ပထမ ခင်ရွှေ၊ ဒုတိယ စိုးနိုင်၊ တတိယ တင်ထွန်း၊ လူဟောင်းတန်းပြိုင်ပွဲတွင် ပထမ သိန်းဇော်၊ ဒုတိယ မောင်ဇော်၊ တတိယ ရာဇာမင်းစိုးတို့က အသီးသီးရရှိခဲ့ကြသည်။

ပစ်မှတ်ထားဆောင်ရွက်

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် စက်ဘီးအားကစား ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးပြီး အလားအလာကောင်းသူများကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်အနေဖြင့် အဓိက နိုင်ငံတကာပြိုင်ပွဲအဖြစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပစ်မှတ်ထားဆောင်ရွက်လျက်ရှိသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အဆင့်မြင့်မားစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် တောင်ကိုရီးယားနိုင်ငံမှ နည်းပြတစ်ဦးကို ငှားရမ်းခေါ်ယူခဲ့ရာ ဇွန် ၁၂ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ဇွန် ၁၄ ရက်မှစတင်၍ ပဏာမ မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများကို လေ့ကျင့်ပေးလျက်ရှိသည်။

အောင်မြင်မှုရရှိ

ကိုရီးယား စက်ဘီးနည်းပြဆရာ Mr. Jeong Sang Subသည် တောင်ကိုရီးယားနိုင်ငံ၏ စက်ဘီးအကျော်အမော်ဟောင်း တစ်ဦးဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။ ကိုရီးယားနည်းပြ Mr. Jeong Sang Sub သည် တောင်ကိုရီးယား စက်ဘီးလက်ရွေးစင်အသင်းနည်းပြအဖြစ် ခုနစ်နှစ်၊ အုပ်ချုပ်သူအဖြစ် နှစ်နှစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကိုရီးယား တောင်တက်စက်ဘီးအဖွဲ့ချုပ်နှင့် Mu-Ju Asia Mountain Bike Championship Management Committee တို့၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့ဖူးသည်။

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် ကိုရီးယားနည်းပြ Mr.Jeong Sang Sub ကို လာမည့် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ ကာလတို ငှားရမ်းထားခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာနည်းပြ

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် ကိုရီးယားနည်းပြနှင့်အတူ ပူးတွဲ၍ မြန်မာနည်းပြများအဖြစ် ဦးရွှေဟင်း၊ ဦးခင်မောင်နှင့် ဒေါ်နှင်းစန္ဒာဦးတို့ကို တာဝန်ပေးအပ်ထားသည်။ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမိုးကျော်သူနှင့် ဦးသက်ဝင်းတို့၏ အနီးကပ် ကြီးကြပ်မှုဖြင့် ပဏာမမြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများကို သုဝဏ္ဏ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ပုံမှန် လေ့ကျင့်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်မြင့်နှင့် ဒိုင်ချုပ် ဦးဂျွန်ဆင်းတို့ကလည်း စံချိန်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပဏာမမြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများကို သုဝဏ္ဏ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ပုံမှန်လေ့ကျင့်ပေးသည့်အပြင် တာဝေးပြိုင်ပွဲများအတွက် ရည်ရွယ်၍ ရန်ကုန်–ပဲခူး ခရီးရှည် စီးနင်းလေ့ကျင့်မှုများကိုလည်း နည်းပြချုပ် ကိုရီးယားနည်းပြဦးဆောင်၍ အခါအားလျော်စွာ စီစဉ်ပေးလျက်ရှိသည်။

ဖွဲ့စည်းထား

ပဏာမမြန်မာ့လက်ရွေးစင် စက်ဘီးအားကစားအဖွဲ့ကို အမျိုးသားကိုးဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၄ဦးဖြင့်ဖွဲ့စည်းထားသည်။ အမျိုးသားအားကစားသမားများအဖြစ် မြင့်အေး၊ ထွန်းထွန်း၊ အောင်မျိုးနိုင်၊ အောင်ဖြိုး၊ မင်းမင်းဟန်၊ အေပယ်၊ ကျော်မျိုးလှိုင်၊ ဇော်မင်းထွန်းနှင့် မျိုးလင်းအောင်တို့ ပါဝင်ကြသည်။ အမျိုးသမီး အားကစားသမားများအဖြစ် အေးအေးသင်း၊ ယုမာဦး၊ ခိုင်မာဦး၊ ခင်စိုးမွေးနှင့် စုစုဝေတို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကို ၁၉၄၆ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး အပြည်ပြည်ဆိုင်ရာ စက်ဘီးအဖွဲ့ချုပ်နှင့် ဆက်သွယ်ခဲ့ရာ ၁၉၄၇ ခုနှစ် မေ ၁ ရက်တွင် အသိအမှတ်ပြု ဆက်သွယ်ခွင့်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် စက်ဘီး အားကစားသမားများသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲမှစတင်၍ နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုအချိန်ထိပင် ဖြစ်သည်။

နှစ်စဉ်ကြေး

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် အပြည်ပြည်ဆိုင်ရာ စက်ဘီးအဖွဲ့ချုပ်၏ အသင်းဝင်နိုင်ငံတစ်ခုအနေဖြင့် အသင်းဝင်ကြေး နှစ်စဉ်ပေးဆောင်ရသကဲ့သို့ အာရှ စက်ဘီးအဖွဲ့ချုပ်သို့လည်း တားမြစ်ဆေးဝါး စစ်ဆေးခြင်းနှင့် အသင်းဝင်ကြေးတို့အတွက် နှစ်စဉ်ကြေး ပေးဆောင်ရကြောင်း သိရသည်။

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီးနောက် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြသူများမှာ ၁၉၄၇ မှ ၁၉၅၂ အထိ ဦးတင်ဘွား၊ ၁၉၅၂ မှ ၁၉၆၅ အထိ ဦးကိုကိုကြီး၊ ၁၉၆၅ မှ ၁၉၆၇ အထိဒုတိယဗိုလ်မှူးကြီးသန်းတင်၊ ၁၉၆၇ မှ ၁၉၇၀ အထိ ဒုတိယဗိုလ်မှူးကြီး လှရွှေ၊ ၁၉၇၀ မှ ၁၉၇၃ အထိ ဒုတိယဗိုလ်မှူးကြီးတင်ဖေ၊ ၁၉၇၃ မှ ၁၉၇၅ အထိ ဦးမင်းကြည်၊ ၁၉၇၅ မှ ၁၉၇၇ အထိ ဦးထိန်လင်း၊ ၁၉၇၇ မှ ၁၉၈၈ အထိ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း (ရေ)၊ ၁၉၈၈ မှ ၁၉၉၃ အထိရဲမှူးကြီးမောင်မောင်သန်း၊ ၁၉၉၃ မှ ၂၀၀၄ အထိ ဦးနေစိုးနိုင်၊ ၂၀၀၄ မှ ယနေ့အထိ ဦးကျော်ဝင်းတို့ ဖြစ်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

မြန်မာနိုင်ငံသည် အာဆီယံ အသင်းဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံနိုင်ငံအချင်းချင်း အားကစားတိုးတက်မှုကို အခြေခံ၍ ချစ်ကြည်ရေး ဖိတ်ခေါ် စက်ဘီးပြိုင်ပွဲများကို မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်စဉ် ၎င်းတို့နိုင်ငံ၌ ကျင်းပသည့် စက်ဘီးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကို ဖိတ်ခေါ်လေ့ရှိသည်။

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်အနေဖြင့် အဆိုပါ ဖိတ်ကြားမှုများအပေါ် အခါအားလျော်စွာ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ၁၉၉၁ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပသည့် ပါလစ်ပြည်နယ် ဖိတ်ခေါ် စက်ဘီးပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခု၊ အမျိုးသမီးပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခုရရှိခဲ့သည်။ ၁၉၉၃ ခုနှစ် ပါလစ်ပြည်နယ် ဖိတ်ခေါ် စက်ဘီးပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်သော်လည်း ဆုတံဆိပ်မရခဲ့ချေ။ ၁၉၉၄ ခုနှစ် ပါလစ်ပြည်နယ် ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ ငွေတံဆိပ် တစ်ခု၊ အမျိုးသမီးပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု၊ ၁၉၉၅ ခုနှစ် ပါလစ်ပြည်နယ် ဖိတ်ခေါ် စက်ဘီးပြိုင်ပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခုရရှိခဲ့သည်။

ခုနစ်ရက်ကြာ

၁၉၉၄ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ဗန်ကောက်မြို့မှ မယ်ဆိုင်မြို့သို့ ဧပြီ ၆ ရက်မှ ၁၁ ရက်အထိ ခုနစ်ရက်ကြာ မြို့ဖြတ်စက်ဘီးစီးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် စက်ဘီးအဖွဲ့က စတုတ္ထတစ်ဆုနှင့် ဆဋ္ဌမတစ်ဆု ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းဒိန်ဖင်ဖူးခံတပ် အောင်ပွဲအထိမ်းအမှတ် ဖိတ်ခေါ် စက်ဘီးပြိုင်ပွဲ၌ သွားရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဆုတံဆိပ် ရရှိခဲ့ခြင်း မရှိချေ။

အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့၌ အခါအားလျော်စွာသွားရောက်ယှဉ်ပြိုင်ခဲ့ရာ ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် လေးခု၊ ၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ၁၉၇၃ ခုနှစ် (၇)ကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ ၁၉၇၅ ခုနှစ် (၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ ၁၉၇၇ ခုနှစ် (၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုရရှိခဲ့သည်။

ကြိုးပမ်းအားထုတ်

(၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နောက်ပိုင်းပြိုင်ပွဲများတွင် အခါအားလျော်စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း စတုတ္ထအဆင့်နှင့် နှစ်သိမ့်ဆုများသာ ရရှိခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း(ရွှေသံလွင်)နှင့် အမှုဆောင်များက နိုင်ငံတကာပြိုင်ပွဲများ၌ တစ်ကျော့ပြန် ဆုတံဆိပ်ရရှိရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၁၂ နှစ်နှင့်အောက် အမျိုးသမီး၊ အမျိုးသား ခတပြိုင်ပွဲ အမျိုးအစားနှင့် ကုမိတဲပြိုင်ပွဲ အမျိုးအစား၊ အသက် ၁၅ နှစ်နှင့်အောက် အမျိုးသမီး ခတပြိုင်ပွဲ အမျိုးအစားနှင့် ကုမိတဲပြိုင်ပွဲ အမျိုးအစား၊ အသက် ၁၅ နှစ်နှင့်အောက် အမျိုးသား ခတပြိုင်ပွဲအမျိုးအစားနှင့် ကုမိတဲပြိုင်ပွဲ အမျိုးအစားများ ပါဝင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ ဇွန် ၂၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

လက်ရည်စစ်

ထို့အပြင် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည့် အားကစားမောင်မယ်များပါဝင်သော လက်ရည်စစ်ပြိုင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ–တောင်ကိုရီးယား ချစ်ကြည်ရေး အနုပညာပူးပေါင်းဖျော်ဖြေပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မြန်မာ–တောင်ကိုရီးယား ချစ်ကြည်ရေး အနုပညာပူးပေါင်းဖလှယ်မှု ဖျော်ဖြေပွဲအဖြစ် ရန်ကုန်မြို့ ကရဝိက်နန်းတော်(ဥတ္တရဆောင်)၌ ဇွန် ၂၃ ရက် ညနေ ၆ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှစ်နိုင်ငံ အနုပညာပူးပေါင်းဖလှယ်ရေး ဖျော်ဖြေပွဲတွင် မြန်မာနိုင်ငံ ရုပ်ရှင်ဂီတအနုပညာရှင်များနှင့် တောင်ကိုရီးယားနိုင်ငံမှ ဂီတအနုပညာရှင်များ ပူးပေါင်းပြီး တေးသီချင်းများ သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လိုက်ဖလိုင်းဝိတ်တန်း (ဂ)အဆင့်ပြိုင်ပွဲတွင် လားထန်ဆန်းငါ(စစ်ကိုင်းတိုင်း) ဘယ်လက်သီးထိုးချက် ရာဇာထွန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) မျက်နှာကို ထိမိထားစဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီး တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၂၀

၂၀၀၇ ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီး သက်ငယ်တန်း (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

သက်ငယ် ၄၅ ကီလိုတန်း ပြိုင်ပွဲများတွင် ကျော်လင်းထွန်း (မန္တလေးတိုင်း)က ရွှေနိုင်ဦး(စစ်ကိုင်းတိုင်း)ကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိပြီး ကျော်ထက်ဦး(တနင်္သာရီတိုင်း)က အောင်ဇေယျထွန်း (ကယားပြည်နယ်)ကို အမှတ်ဖြင့် အနိုင်ရရှိသည်။ သက်ငယ် ၄၈ ကီလိုတန်းပြိုင်ပွဲများတွင် သီဟ(မန္တလေးတိုင်း)က စောဝင်းကြိုင်(မွန်ပြည်နယ်)ကို အမှတ်ဖြင့် အနိုင်ရရှိပြီး ညီညီထွန်း (ကရင်ပြည်နယ်)က ဆလိုင်းပေါ (မကွေးတိုင်း)ကို ဒုတိယအချီတွင် အမှတ်ဖြင့် အသာထိုးနိုင်သဖြင့် အနိုင်ရရှိသည်။

သက်ငယ် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် သီဟ(မန္တလေးတိုင်း)နှင့် စောဝင်းကြိုင်(မွန်ပြည်နယ်)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်ကြစဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အမှတ်ဖြင့်နိုင်

လိုက်ဖလိုင်းဝိတ်တန်း (ဂ)အဆင့်ပွဲစဉ်တွင် လားထန်ဆန်းငါ(စစ်ကိုင်းတိုင်း)က ရာဇာထွန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို အမှတ်ဖြင့် အနိုင်ရရှိသည်။ ဝယ်တာဝိတ်တန်း (ဂ)အဆင့်ပြိုင်ပွဲတွင် ဇော်ဇော်အောင်(ပဲခူးတိုင်း)က အောင်နိုင်ဝင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အမှတ်ဖြင့် အနိုင်ရရှိသည်။

ယှဉ်ပြိုင်

ယနေ့ပွဲစဉ်များအဖြစ် ဝယ်တာဝိတ်တန်း (က)အဆင့်၊ ဘင်တန်ဝိတ်တန်း (က)အဆင့်၊ ဖလိုင်းဝိတ်တန်း (က)အဆင့်၊ ဝယ်တာဝိတ်တန်း (ခ)အဆင့်၊ ဖယ်သာဝိတ်တန်း (ခ)အဆင့်၊ သက်ငယ် ၃၉ ကီလိုတန်း၊ သက်ငယ် ၃၆ ကီလိုတန်း၊ အမျိုးသမီး ၅၂ ကီလိုတန်းတို့ ယှဉ်ပြိုင်ကြကြောင်းသိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဖာဂူဆန်နှင့် သူ၏တပည့်နည်းပြများ

လန်ဒန် ဇွန် ၂၀

လာမည့် ပရီမီယာလိဂ်ဘောလုံးရာသီ၌ စိတ်ဝင်စားစရာ အကောင်းဆုံးဘောလုံးပွဲစဉ်များကို မြင်တွေ့ကြရတော့မည်ဖြစ်သည်။ ယင်းမှာ အခြား

ဘာမင်ဂမ်နည်းပြ စတိဗ်ဘရုစ်။
(ဓာတ်ပုံ–အင်တာနက်)

မဟုတ်၊ ပရီမီယာလိဂ်၌ တစ်သင်းတည်းကို နည်းပြအဖြစ် သက်တမ်းအကြာဆုံး ကိုင်တွယ်ခဲ့သော မန်ယူနည်းပြဖာဂူဆန်နှင့် သူ၏တပည့်နည်းပြများ၏ အားပြိုင်ပွဲများပင် ဖြစ်သည်။

မန်ယူအသင်းတွင် နှစ်ပေါင်း ၂၀ ကျော် နည်းပြတာဝန် ထမ်းဆောင်ခဲ့သော ဖာဂူဆန်သည် ကမ္ဘာ့ထိပ်တန်းနည်းပြတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သလို တပည့်များကိုလည်း ကမ္ဘာကျော်ဘောလုံးသမားများအဖြစ် ရောက်ရှိအောင် သွန်သင်ပေးနိုင်ခဲ့သည်။

ထို့အတူ မိမိ၏ ညွှန်ကြားမှုနှင့် သွန်သင် ပြသမှုများ ကြောင့်လည်း ဘောလုံးသမားဘဝမှ အနားယူပြီး နည်းပြအဖြစ်ရောက်ရှိလာခဲ့သော မန်ယူကစားသမားဟောင်းများကား ယခုအခါ ပရီမီယာလိဂ်၌ နည်းပြများဖြစ်နေကြပြီ ဖြစ်သည်။

အားပြိုင်ပွဲ

ထို့ကြောင့် လာမည့် ဘောလုံးရာသီ၌ မန်ယူအသင်း ကစားသမားဟောင်းများလည်းဖြစ်ပြီး နည်းပြများလည်းဖြစ်သော ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်း၊ ရက်ဒင်းနည်းပြ စတိဗ်ကော့ပဲလ်၊ ဘာမင်ဂမ်နည်းပြ စတိဗ်ဘရုစ်နှင့် ဘလက်ဘန်းနည်းပြ မာ့ခ်ဟုချ်တို့ မန်ယူအသင်းနည်းပြ ဖာဂူဆန်နှင့် ဆရာတပည့်တို့ အားပြိုင်ပွဲများကို မြင်တွေ့ရမည်ဖြစ်သည်။

ရွိုင်ကိန်း

ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်းမှာ သူ၏ ပထမဆုံးနည်းပြအဖြစ် တာဝန်ယူရသည့် ဆန်းဒါးလန်းအသင်းကို ပရီမီယာလိဂ်သို့ ပြန်ရောက်လာစေရန် ကြိုးစားပေးခဲ့သူ ဖြစ်သည်။ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီ၌ ဆန်းဒါးလန်းအသင်းကို စတင်တာဝန်ယူခဲ့သော ရွိုင်ကိန်းသည် ကနဦး၌ အသင်းရလဒ်အခြေအနေ ဆိုးရွားနေမှုမှ ပြန်လည်ကောင်းမွန်ရန် ခက်ခဲစွာကြိုးစားပေးခဲ့ရသည်။

ရွိုင်ကိန်းအနေဖြင့် ဆန်းဒါးလန်းကို ပရီမီယာလိဂ်သို့ တန်းပြန်တက်အောင် စွမ်းဆောင်ပေးခဲ့ရာတွင် ဖာဂူဆန်၏ကျေးဇူးတရားများမကင်းကြောင်း၊ ဖာဂူဆန်သည် မိမိ၏ ဘောလုံးသမားဘဝတွင်သာမက နည်းပြဘဝ၌လည်း အကျိုးပြုပေးနိုင်သည့် နည်းပြကောင်းတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။

မာ့ခ်ဟုချ်

ဖာဂူဆန်၏နောက်တပည့်တစ်ဦးမှာ ဘလက်ဘန်းနည်းပြ မာ့ခ်ဟုချ်ဖြစ်သည်။ ယခုအသက် ၄၄နှစ်အရွယ်

ရက်ဒင်းနည်းပြ စတိဗ်ကော့ပဲလ်။
(ဓာတ်ပုံ–အင်တာနက်)

ရှိ နည်းပြမာ့ခ်ဟုချ်သည် အသက် ၂၂ နှစ်အရွယ်၌ မန်ယူအသင်းတွင် တိုက်စစ်မှူးအဖြစ် ပါဝင်ကစားခဲ့ပြီး ၁၉၉၄ ခုနှစ် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းအား အနိုင်ဂိုးသွင်းယူပြီး ဖလားရယူပေးနိုင်ခဲ့သူဖြစ်သည်။

ဘလက်ဘန်းနည်းပြ မာ့ခ်ဟုချ်။
(ဓာတ်ပုံ–အင်တာနက်)

ယခင်က ဝေလအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ၂၀၀၄ခုနှစ် စက်တင်ဘာလမှစတင်ကာ ဘလက်ဘန်းအသင်းနည်းပြအဖြစ် ကိုင်တွယ်ခဲ့သူဖြစ်သည်။ ဘလက်ဘန်းအသင်း အောင်မြင်မှု မြင့်မြင့်မားမားရရှိရန် အစွမ်းကုန်ကြိုးစားပေးနေသူ နည်းပြတစ်ဦးဖြစ်သည်။ ဖာဂူဆန်၏ တပည့်ရင်းဖြစ်ပြီး လာမည့်ဘောလုံးရာသီ၌ မန်ယူအသင်း ကစားဖော်ဟောင်းများလည်းဖြစ် နည်းပြများလည်းဖြစ်လာသူတို့နှင့် ထိပ်တိုက်တွေ့ဆုံ ကစားရတော့မည်ဖြစ်သည်။

စတိဗ်ကော့ပဲလ်

မန်ယူကစားသမားဟောင်း နည်းပြတစ်ဦးမှာ ရက်ဒင်းနည်းပြ စတိဗ်ကော့ပဲလ် ဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် မန်ယူ၌စတင်ကစားခဲ့ပြီး ကွင်းလယ်ဘောလုံးသမားတစ်ဦးဖြစ်သည်။ မန်ယူတွင် စတင်ကစားခဲ့သောပွဲတွင် နှစ်ဂိုးစတင်သွင်းယူနိုင်ခဲ့သည့် ဘောလုံးသမားလည်း ဖြစ်သည်။

မန်ယူအတွက် အက်ဖ်အေဖလား တစ်လုံး ရယူပေးနိုင်ခဲ့ပြီး အင်္ဂလန်အသင်းတွင်လည်း ၄၂ ပွဲ ကစားပေးခဲ့သူဖြစ်သည်။ ၁၉၈၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ၌ ဟန်ဂေရီအသင်းနှင့်ကစားစဉ် ဒူးခေါင်းဒဏ်ရာရရှိခဲ့ရာမှ ခွဲစိတ်ကုသခဲ့ရပြီးနောက်ပိုင်း အပြည့်အဝ မကစားနိုင်တော့သဖြင့် အသက် ၂၈နှစ်အရွယ်၌ပင် ဘောလုံးကစားခြင်းမှ အနားယူခဲ့ရသူဖြစ်သည်။ မန်ယူအတွက် ပွဲပေါင်း ၃၇၃ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၇၀ သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။

ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်း။
(ဓာတ်ပုံ–အင်တာနက်)

ရက်ဒင်းအသင်းသည် ပရီမီယာ အသင်းကြီးများကို ခြေရည်တူကစားနိုင်သည့်အပြင် ခြေအစွာဆုံးအသင်းအဖြစ် အသိအမှတ်ပြုခံထားရအောင် စတိဗ်ကော့ပဲလ် စွမ်းဆောင်ပေးထားနိုင်သည်။

စတိဗ်ဘရုစ်

ဖာဂူဆန်၏ တပည့်တစ်ဦးမှာ ဘာမင်ဂမ်နည်းပြ စတိဗ်ဘရုစ် ဖြစ်သည်။ လာမည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ ဆန်းဒါးလန်းနှင့်အတူ တန်းတက်လာသော ဘာမင်ဂမ်အသင်းကို ကိုင်တွယ်နေသည့်နည်းပြဖြစ်သည်။

စတိဗ်ဘရုစ်သည် ယခင်က ခရစ္စတယ်ပဲလေ့စ်၊ ဝီဂန်နှင့် ရှက်ဖီးအသင်းတို့ကို ကိုင်တွယ်ခဲ့သူဖြစ်သည်။ စတိဗ်ဘရုစ်သည် နောက်တန်း ဗဟိုခံစစ်မှူးအဖြစ် မန်ယူအသင်းတွင် ကိုးနှစ်ကြာ ကစားခဲ့သူ ဖြစ်သည်။ ၁၉၈၇ ခုနှစ်မှ စတင်ကာ ကစားခဲ့သူဖြစ်သဖြင့် ဖာဂူဆန် မန်ယူသို့ နည်းပြအဖြစ် မရောက်ရှိမီ တစ်နှစ်ခန့် စော၍ ရောက်ရှိနေခြင်း ဖြစ်သည်။

ဖာဂူဆန်

ပရီမီယာလိဂ်၌ နည်းပြသက်တမ်း အရင့်ဆုံး မန်ယူနည်းပြ ဖာဂူဆန်။
(ဓာတ်ပုံ–အင်တာနက်)

ထမ်းဆောင်

စတိဗ်ဘရုစ်သည် ၁၉၉၆ခုနှစ်၌ မန်ယူအသင်းမှ ဘာမင်ဂမ်သို့ ပြောင်းရွှေ့ကစားခဲ့ပြီး နောက်ပိုင်း ဘောလုံးကစားခြင်းမှ အနားယူကာ နည်းပြအဖြစ် ပြောင်းလဲတာဝန် ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။ စတိဗ်ဘရုစ်သည် ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်၌ မွေးဖွားခဲ့သူဖြစ်ရာ ယခုအသက် ၄၆နှစ်အရွယ်ရှိနေသူလည်း ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းတွင် ဆယ်စုနှစ် နှစ်ခုကျော် နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မန်ယူနည်းပြ ဖာဂူဆန်နှင့် သူ၏တပည့်နည်းပြများ၊ မန်ယူအသင်း ကစားသမားဟောင်း နည်းပြများ၏ ထိပ်တိုက်တွေ့ဆုံမည့်ပွဲစဉ်များမှာ ပြိုင်ပြိုင်ဆိုင်ဆိုင်ရှိမည့် ပွဲများပင်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

(ကိုးကား–အင်တာနက်)

နည်းပြ ကာပယ်လို၏ အနာဂတ် ရီးရဲ၌ ဆက်လက်တာဝန်ယူရန် မရေရာ

ရေးသားသူ
မြင့်မောင်စိုး

ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လို။
(ဓာတ်ပုံ–အင်တာနက်)

မက်ဒရစ် ဇွန် ၂၀

ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သော တနင်္ဂနွေနေ့က စပိန်လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့သော်လည်း နည်းပြ ကာပယ်လိုက လာမည့်ရာသီတွင် အပြောင်းအလဲများ ဖြစ်လာနိုင်၍ နည်းပြတာဝန် ဆက်လက်ယူရန် မသေချာကြောင်း ပြောကြားလိုက်သည်။

ရှာဖွေ

ရီးရဲမက်ဒရစ် တာဝန်ရှိသူများသည် လာမည့်ရာသီအတွက် နည်းပြသစ်ခေါ်ယူရန် ရှာဖွေနေသည်ဟု ထင်မိကြောင်း အသက် ၆၁နှစ်ရှိ ကာပယ်လိုက ပြောကြားသည်။

စာချုပ်ကုန်ဆုံး

အီတလီနိုင်ငံသား ကာပယ်လိုသည် ရီးရဲမက်ဒရစ်အသင်းနှင့် နှစ်နှစ်စာချုပ်ထားမှုမှာ ကုန်ဆုံးသွားပြီဖြစ်သည်။ ၎င်းသည် ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာခဲ့လျှင် နည်းပြအဖြစ်မှ အနားယူဖွယ်ရှိသည်။

နည်းပြကောင်းရှိသင့်

သို့ရာတွင် အကောင်းဆုံးအသင်းတစ်သင်းအနေဖြင့် နည်းပြကောင်းတစ်ဦး ရှိသင့်ကြောင်း၊ ရီးရဲမက်ဒရစ်အသင်းအပေါ် မိမိအနေဖြင့် သံသယဖြစ်နေခြင်းမှာလည်း မိမိ၏ ဘဝအောင်မြင်မှုအတွက် ပိုမိုခက်ခဲစေခဲ့ကြောင်း ကာပယ်လိုက ပြောကြားသည်။

စပိန်သို့ပြန်မည်

မိမိအနေဖြင့် ရီးရဲမက်ဒရစ်အသင်းတွင် ဆက်လက်တာဝန်ယူသွားလိုသည့်ဆန္ဒမှာ လာမည့်နှစ် ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ရန်အတွက်ပင်ဖြစ်ကြောင်း၊ ဇူလိုင် ၂၀ရက်တွင် လေ့ကျင့်မှုများစလုပ်ရန် ဇူလိုင် ၁၉ရက်တွင် စပိန်သို့ ပြန်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂီတာဖေးနည်းပြ ဘန်းစချူစတာသည် ရီးရဲမက်ဒရစ်နည်းပြလုပ်ရန် အဆက်အသွယ်ပြုလုပ်ထားသူဖြစ်သည်။

(အင်တာနက်)

အာဆင်နယ်မှ အငှားချထားသော ရေးယက်စ် ရီးရဲမက်ဒရစ်၌ အမြဲတမ်းကစားရန် ဆန္ဒပြင်းပြ

မက်ဒရစ် ဇွန် ၂၀

အာဆင်နယ် ကွင်းလယ်ကစားသမား ဂျို့စ်အင်တိုနီယိုရေးယက်စ်က ရီးရဲမက်ဒရစ်သို့ အငှားချထားရာမှ အမြဲတမ်းကစားသမားအဖြစ် စာချုပ်ရန် ဆန္ဒပြင်းပြနေကြောင်း ပြောကြားလိုက်သည်။

ရေးယက်စ်

အာဆင်နယ်မှ ရီးရဲမက်ဒရစ်ရောက် ကွင်းလယ် ကစားသမား ရေးယက်စ်။
(ဓာတ်ပုံ–အင်တာနက်)

လူစားဝင်

အသက်၂၃နှစ်သာ ရှိသေးသည့် ကွင်းလယ်ကစားသမား ရေးယက်စ်သည် ပြီးခဲ့သော တနင်္ဂနွေနေ့က မာလော့ကာအသင်းကို အရန်ခုံတွင် ထိုင်နေရာမှ လူစားအဖြစ် ဝင်ကစားပြီး နှစ်ဂိုးသွင်းယူပေးကာ ဖလားရယူပေးနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းအနေဖြင့် မိမိသွင်းယူပေးခဲ့သော အနိုင်ဂိုးများကိုထောက်ရှု၍ မိမိအား အမြဲတမ်းကစားသမားအဖြစ် ဆက်လက်ခေါ်ယူထားသင့်ကြောင်း အာဆင်နယ်သို့ ပြန်ရန်စီစဉ်နေသည့် ရေးယက်စ်က ပြောကြားသည်။

အာဆင်နယ်နည်းပြ ဝင်းဂါးသည် ရေးယက်စ်နှင့် အလဲအလှယ်လုပ်ခဲ့သော တိုက်စစ်မှူး ဘာတစ္စတာအား ပြန်ပို့လိုက်ပြီဖြစ်သည်။

ဆန္ဒပြင်း

ထို့ကြောင့်လည်း ရေးယက်စ်အား ရီးရဲမက်ဒရစ်က အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူထားရန် ဆန္ဒပြင်းပြခဲ့သည်။

ရေးယက်စ်သည် ၂၀၀၄ခုနှစ် ဇန်နဝါရီလက ဟိုက်ဘူရီကွင်းသို့ ရောက်လာပြီးနောက် အာဆင်နယ်အသင်းအတွက် ပရီမီယာလိဂ် ၅၄ပွဲတွင် ၁၆ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အငှားချ

သို့သော်လည်း ၎င်းသည် အာဆင်နယ်၌ ပုံမှန်ကစားခွင့်မရခဲ့ချေ။ ၎င်းအား အာဆင်နယ်က ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ရီးရဲမက်ဒရစ်သို့ အငှားချထားခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းအတွက် ကစားပေးရသည်မှာ ဂုဏ်ယူမိကြောင်း၊ မိမိအနေဖြင့် ရီးရဲမက်ဒရစ်ကို ချန်ပီယံဖြစ်ရန် ကြိုးစားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ရေးယက်စ်က ပြောကြားသည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဘာစီလိုနာအသင်းနည်းပြ ရီကက်နှင့် တိုက်စစ်မှူးများဖြစ်ကြသည့် ရော်နယ်ဒင်ဟို၊ အီတူးတို့သည် တတိယအကြိမ်ဆက်တိုက် စပိန်လာလီဂါဖလားမရခဲ့သော်လည်း အသင်း၌ လာမည့်ရာသီတွင် ဆက်လက်ရပ်တည်နေမည်ဖြစ်ကြောင်း ဘာစီလိုနာဥက္ကဋ္ဌ လာပေါ်တာက ပြောကြားလိုက်သည်။**

* ဝီဂန်အသင်းသည် ဟယ်ဆင်ဘော့အသင်း နောက်တန်းကစားသမား ဂရမ်ဗစ်အား ယခုနှစ်ရာသီတွင် လေးဦးမြောက်အဖြစ် ခေါ်ယူစာချုပ်လိုက်သည်။

* **ချယ်လ်ဆီးအသင်းသည် ယခုနှစ်နွေရာသီတွင် မန်ယူ၊ လီဗာပူးနှင့် အာဆင်နယ်အသင်းများနှင့်အပြိုင် ကစားသမားကောင်းများခေါ်ယူရေး ငွေကြေးအကုန်အကျခံ သုံးစွဲနိုင်မည်ဟု မျှော်လင့်ထားကြောင်း နည်းပြဖြစ်သူ မော်ရင်ဟိုက ပြောကြားသည်။**

(အင်တာနက်)

Tourism အကြောင်းကိုသာ ရေးသားလေ့ရှိသည့် **"ချစ်ဆွေမြင့်"**၏

"မြန်မာ့ခရီးသွားဥယျာဉ်အတွင်းမှ ပန်းပွင့်ဟိုတယ်များ"

"The Flower Hotels in Myanmar Tourism Garden"

ဇွန်လကုန်တွင် Today စာအုပ်တိုက်မှ စတင်ဖြန့်ချိပါမည်...

ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ငပလီ၊ ငွေဆောင် အပါအဝင် ခရီးစဉ်ဒေသ အသီးသီးရှိ ဟိုတယ်များ၏–

- တည်ဆောက်မှု အရည်အသွေး...
- အခန်းများ အရည်အသွေး...
- ဝန်ဆောင်မှု အရည်အသွေး...
- ဟိုတယ်များ၏ လိပ်စာနှင့် မူလဈေးနှုန်း...
- ဟိုတယ်များ၏ ရောင်စုံဓာတ်ပုံများဖြင့် မည်သည့် Tourism အမျိုးအစားနှင့်တွဲဖက်ပြီး ဈေးကွက်မြှင့်တင်မှာလဲ သိလိုသူများ...
- မြန်မာ့ခရီးစဉ်ဒေသများ၏ ဆွဲဆောင်မှုတို့ကို သုတရသ ရှုထောင့်မှ လေ့လာခံစားလိုသူများ...
- ဟိုတယ်များအကြောင်း မသိရသေးသော ခရီးသွားအေးဂျင့်များ၊ ဧည့်လမ်းညွှန်များ...
- Hotel & Tourism ဆိုတာဘာလဲ စူးစမ်းလိုသူများအတွက် စိတ်ကူးယဉ်မှုမပါ လက်တွေ့နှင့် သဘာဝကျကျ ဝေဝေဆာဆာ တင်ပြထားသည်။

ဝယ်ယူရရှိနိုင်သောဌာနများ

* Today group of media စာအုပ်ဆိုင်များ
* မြန်မာ့ခရီးသွားလုပ်ငန်း၊ ဆူးလေရုံး – ဖုန်း–၀၁ ၃၇၈၃၇၆
* ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း – ဖုန်း–၀၁ ၃၇၃၇၉၂
* ဟိုတယ်/ခရီး ဝန်ကြီးရုံး – ဖုန်း–၀၆၇ ၄၀၆၀၆၁
* ကြိုတင်မှာကြားနိုင်ပါသည်။

၂၂-၆-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း – [illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး။ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း။ စန္ဒီမြင့်လွင်၊ ချိုပြုံး
သွင် ဖုန်း – [illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး။ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း။ စန္ဒီမြင့်လွင်၊ ချိုပြုံး
မင်္ဂလာ ဖုန်း – [illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး။ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း။ စန္ဒီမြင့်လွင်၊ ချိုပြုံး
ရွှေဆောင် ဖုန်း – [illegible]	SHOOTER	MARK WAHLBERG, MICHAEL PENA DANNY GLOVER, KATE MARA
နေပြည်တော် ဖုန်း – [illegible]	SPIDER MAN 3	TOBEY MAGUIRE, KIRSTEN DUNST JAMES FRANCO, TOPHER GRACE
ဝင်းလိုက်(မန္တလေး) ဖုန်း-(၀၂)[illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး။ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း။ စန္ဒီမြင့်လွင်၊ ချိုပြုံး
မြို့မ(မန္တလေး) ဖုန်း-(၀၂)[illegible]	ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း	လွင်မိုး။ ခန့်စည်သူ၊ ဇော်ဝမ်း နန္ဒာလှိုင်၊ ပုလဲဝင်း။ စန္ဒီမြင့်လွင်၊ ချိုပြုံး

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ

ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် သွေးဆေးကန် မွန်ကျောင်းမှ ဆရာတော် ဦးသြဘာသက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

မိုင်းယောင်းမြို့၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

ရန်ကုန် ဇွန် ၂၀

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကျေးရွာချင်းဆက်လမ်း ကောင်းမွန်ရေးအတွက် ဟိုရမ်းကျေးရွာ ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇွန် ၅ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်တံခါးဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်ပွဲ

ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဦးစံကျော်လမ်း၊ အသောကာရုံကျောင်းတိုက်၏ ပဓာန နာယကဖြစ်တော်မူသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ (ဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့–ရွှေကျင်) ဆရာတော်ကြီးအား ရန်ကုန်ရောက် ကျောက်တံခါးမြို့နယ်သူ/နယ်သားများမှ ဂုဏ်ပြုပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်ကြွရောက် ပူဇော်ကန်တော့ကြရန် ဖိတ်ကြားအပ်ပါသည်။

အချိန် – နံနက် ၉ နာရီ
နေ့ရက် – ၂၄–၆–၂၀၀၇ရက် (တနင်္ဂနွေနေ့)
နေရာ – တက္ကသိုလ်များဓမ္မာရုံ၊ လှည်းတန်း။

အမည်ပြောင်း
ဦးမျိုးသိန်း၏သမီး T.T.C (ကမာရွတ်)ဆဋ္ဌမတန်း–G မှ မလင်းလဲ့သင်းအား မသက်သက်သင်းဟု ပြောင်းလဲခေါ်ဆိုပါ။
မသက်သက်သင်း။

သချာင်္ကျော်ရှိန် ၏ သချာင်္သီးသန့်ဂုဏ်ထူးတန်း
ပညာကျော် နှင့် မဟာကျော် နည်းပြ
ရာထူးဝန် ဝင်ခွင့်အားလုံး
ရှုလိုင်ပုံမှန် တန်းခွဲသစ်နှင့် U.D.E သင်တန်း
1-7-2007 စမည်။ ☎ 0999-29623 နှင့် 251548
အမှတ် ၁၇၀ နှင့် ၁၈၅၊ ပထပ် ဆိပ်ကမ်းသာလမ်း(လယ်)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် အ/၂၅၁၇(Toyota Corolla S/L (4 x 2)ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်ညွန့် မှတ်ပုံတင်အမှတ် ၁၂/လမန(နိုင်)၀၆၉၉၀၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်းရုံး)၊ သဃ်န်းကျွန်းမြို့နယ်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၆က/၃၃၅၆(ကမ–၃) ပျောက် ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမင်းအောင် မှတ်ပုံတင်အမှတ် ၁၂/လမန(နိုင်)၀၅၀၉၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်းရုံး)၊ရန်ကုန်မြို့။**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးသန်းထွန်း၏ နိုင်ငံကူးလက်မှတ် အမှတ်–၉၀၁၂၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၀၀၅၉၀၂။

ဖခင်အမည်မှန်
အလက(၂) မင်္ဂလာတောင်ညွန့် (Grade -8) မှ မအေးအေးသင်းနှင့် (Grade -6) မှ မယမင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်း ဖြစ်ပါသည်။
ဦးမင်းမင်း
၁၂/လကန(နိုင်)၁၉၂၈၃၅။

အမည်ပြောင်း
ဦးလယ်ဒိန်း၏သား မြန်အောင်မြို့ အထက နဝမတန်း(B)မှ မောင်ဂျက်နာဘွေဒိန်းအား မောင်ဘွေဒိန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။
မောင်ဘွေဒိန်း(မြန်အောင်)။

တစ်ဦးတည်းဖြစ်ကြောင်း
ဦးကြူစန်း ၁၂/မဂတ(နိုင်) ၀၂၂၇၀၁ နှင့် ဦးဇော်လင်းတို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးကြူစန်း(ခ)ဦးဇော်လင်း။

ဖခင်အမည်မှန်
အထက(၁)ဒဂုံ $\underline{\overline{X}}$-A မှ မောင်ဝေလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ဖြစ်ပါသည်။
ဦးဝင်းမြင့်
၁၂/လသန(နိုင်)၀၀၈၇၂၆။

ဆရာ ဦးရွှေမြ
မြစ်ပွားနာ၊ အလုံးအကျိတ်၊ အနာပေါက်အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာရောဂါများကို ဆေးကုသပေးနေပါတယ်။
အမှတ်၉၊ မင်းလမ်း၊ ဆရာစံ(တောင်ပိုင်း)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၄၄၄၈၇။

ဦးအောင်နိုင်
B.Com (Q), CPA, DA (LCCI), DMAc, CAT, ACCA (Part-2)
LCCI တန်းခွဲသစ် Sec (C) 30 , June စမည်၊
– Sat , Sun 2 : 30 – 5 : 00 PM
၂၆၈(သုံးလွှာ)၊ ပန်းဆိုးတန်း (ထက်) ☎ : 721143, : 09 515 1024

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် သ/၇၅၈၃ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမြင့်စိုး မှတ်ပုံတင်အမှတ် ၈/မထန(နိုင်)၀၅၂၁၈၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး)၊အင်းစိန်မြို့။**

အာဆီယံလူငယ်ဓာတ်ပုံဆရာများဆု ASEAN Young Photographers' Award အတွက် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇွန် ၂၀

အာဆီယံ နှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် စင်ကာပူ အမျိုးသားလူငယ် အောင်မြင်မှုကောင်စီ National Youth Achievement Award (NYAA) Council က ကြီးမှူးကျင်းပမည့် အာဆီယံလူငယ်ဓာတ်ပုံဆရာများဆုနှင့် ဓာတ်ပုံပြပွဲကို ၂၀၀၇ခုနှစ် နိုဝင်ဘာတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှ သွားရောက်ပြသနိုင်ရန်အတွက် အာဆီယံလူငယ်ဓာတ်ပုံဆရာများဆု (ASEAN Young Photographers' Award)ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ "အာဆီယံရုပ်သွင် လူငယ်အမြင်" (The spirit of ASEAN-Throught the Eyes of the Young)ဖြစ်သည်။

ဖော်ညွှန်းရိုက်ကူး

ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများသည် အာဆီယံနိုင်ငံများအချင်းချင်း ရင်းနှီးဆက်သွယ်မှုများ၊ ယဉ်ကျေးမှုအနုပညာဆိုင်ရာဖလှယ်မှုများ၊ မိမိတို့၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ ထိန်းသိမ်းထားရှိမှုများ၊ အတတ်ပညာဆိုင်ရာဖလှယ်မှုများ၊ ကဏ္ဍမျိုးစုံ ပူးပေါင်းဆောင်ရွက်မှုများအား ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။

အင်္ဂလိပ်ဘာသာဖြင့်

ပြိုင်ပွဲအတွက် သတ်မှတ်ထားသောစည်းကမ်းများမှာ ပြိုင်ပွဲသို့ အသက် ၁၅နှစ်မှ ၃၀အတွင်းရှိသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရ။ မိမိရိုက်ကူးထားသော ဓာတ်ပုံများနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းပြောဆိုနိုင်ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၂လက်မ x ၁၈လက်မအရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် ခြောက်ပုံပါဝင်ယှဉ်ပြိုင်ရမည်။ ဒစ်ဂျစ်တယ်ကင်မရာနှင့်ရိုက်ကူးပါက 6 mega pixel Resolution အနိမ့်ဆုံးရှိသော ကင်မရာဖြင့်ရိုက်ကူးရမည်။ အဆိုပါဓာတ်ပုံများသည် ရွေးချယ်ခံရပါက ၁၆လက်မ x လက်မ၂၀အရွယ် ကူးယူနိုင်သည်အထိ အရည်အသွေးကောင်းမွန်ရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာများအား ပူးတွဲတင်ပြရမည်။

ရွေးချယ်ခံရသူအား စင်ကာပူနိုင်ငံတွင်ကျင်းပမည့် အဆိုပါဓာတ်ပုံပြပွဲသို့ စေလွှတ်မည်ဖြစ်ပြီး ခရီးစဉ်အတွက် လိုအပ်သောခရီးစရိတ်၊ တည်းခိုနေထိုင် စားသောက်စရိတ်များအား သက်ဆိုင်ရာအဖွဲ့အစည်းက ကျခံပေးမည်ဖြစ်သည်။ ရွေးချယ်ခံရသူသည် မိမိ၏ဓာတ်ပုံများအား အဆိုပါဓာတ်ပုံပြိုင်ပွဲ၌ ပြသနိုင်ရန်အတွက် ၁၆လက်မ x လက်မ ၂၀အရွယ် ဓာတ်ပုံများကူးယူ၍လည်းကောင်း၊ Original Image File အား CDဖြင့်ကူးယူ၍လည်းကောင်း ပေးပို့ရမည်။ ထို့အပြင် မိမိတို့ပြိုင်ပွဲဝင်ခဲ့သော ဓာတ်ပုံအကြောင်းအရာနှင့်ပတ်သက်၍လည်းကောင်း၊ ဓာတ်ပုံပညာအတွေ့အကြုံများနှင့်ပတ်သက်၍လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတင်ပြနိုင်ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများအား သြဂုတ် ၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂–၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ ဥပုသ်တရားပွဲများ

ရန်ကုန် ဇွန် ၂၀

မြောက်ဥက္ကလာပ (မယ်လမုဘုရားအနီး)ဓမ္မသီဂီ ပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့်မင်္ဂလာဒုံ၊ ကုန်းတလပေါင် ဓမ္မသီဂီ ပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယပြည်တွင်း ပြည်ပ သာသနာပြု ဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ဇွန် ၂၉ရက် ညတွင် မြောက်ဥက္ကလာပ (ဈ)ရပ်ကွက် အင်္ဂါပတ်ဆွမ်းလောင်းအသင်းဓမ္မာရုံ၊ ဇူလိုင် ၂၂ရက်၊ သြဂုတ်၆ရက်၊ စက်တင်ဘာ ၅ရက်၊ အောက်တိုဘာ ၄ ရက် နေ့ပိုင်းများတွင် မြောက်ဥက္ကလာပ (က)ရပ်ကွက် မေယုဓမ္မာရုံ၌ အချိန်ပိုင်း တရားစခန်းပွဲ နှင့် တရားပွဲ များ၊ ဇူလိုင် ၂၉ရက်၊ သြဂုတ် ၆ရက်၊ ၁၃ရက်၊ ၂၁ရက်၊ ၂၈ရက်များ၊ စက်တင်ဘာ ၅ရက်၊ ၁၁ရက်၊ ၁၉ရက်နှင့် ၂၆ရက်များ၊ အောက်တိုဘာ ၄ရက်၊ ၁၁ရက်၊ ၁၉ရက်နှင့် ၂၆ ရက်များ နံနက်ပိုင်းတွင် ဓမ္မသီဂီ ပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာ ဥပုသ်တရားပွဲ များ၊ စက်တင်ဘာ ၂၆ရက် နေ့လယ်ပိုင်းတွင် ဓနုဖြူမြို့နယ် ကျောင်းစုရွာ ဘုန်းတော်ကြီးကျောင်း ဥပုသ်အထူးတရားပွဲတို့ကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

သာသနာ့ဝိလာသိနီစဏ္ဍာသိမ် ရေစက်ချလှူဒါန်း

မန္တလေး ဇွန် ၁၂

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အရှေ့ဘက် ရေထွက်ကျေးရွာရှိ မေတ္တာစေတောမုတ္တိမဟာသတိပဋ္ဌာန်ဝိပဿနာရိပ်သာ ဓမ္မရက္ခိတာရာမကျောင်းတိုက် သာသနာ့ဝိလာသိနီစဏ္ဍာသိမ်တော်**(ဝဲပုံ)** ရေစက်ချအလှူမင်္ဂလာအခမ်းအနားနှင့် ဓမ္မရက္ခိတာရာမကျောင်းတိုက် ပဓာနနာယက ဒေါက်တာ အရှင်ဓမ္မရက္ခိတ ဆရာတော်ကြီး၏ ကံထပ်ပူဇော်ပွဲကို ဇွန် ၆ရက်နံနက် ၉နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြင်ဦးလွင်မြို့နေ စိုးစံလေ့ကျင့်ရေးစခန်း ဗိုလ်မှူး မောင်လတ်(ငြိမ်း)-ဒေါ်နန်းယဉ်ယဉ်နှင့် သားသမီးများဖြစ်ကြသည့် ဦးတင်လတ်-ဒေါ်ခင်ပြုံးတင့်၊ ဦးစံဏီ-ဒေါ်ညိုညိုလတ်၊ ဒုတိယဗိုလ်မှူးကြီးသန်းဦး-ဒေါ်တင်မီလတ်နှင့် သားသမီးမိသားစုများ၊ အလှူရှင်များ သိမ်ဆင်းပွဲတွင် ပဓာနနာယက ဆရာတော်ကြီးနှင့် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူဆက်ကပ်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။**(၃၁၃)**

သရက်ခရိုင် ပြည်သူ့ဆေးရုံသန့်ရှင်းရေးကို ဇွန် ၉ရက်က သရက်ခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်းတွင် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ကြည့်ရှုအားပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ကွတ်ခိုင်မြို့မဈေးအတွင်း ကြက်သားအရောင်းဆိုင်များ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးပစ္စည်းများပေးအပ်

ကွတ်ခိုင် ဇွန် ၃

ကွတ်ခိုင်မြို့မဈေးကြီးအတွင်းရှိ ကြက်သားအရောင်းဆိုင်များနှင့် ဈေးဆိုင်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၈ ရက်က ကျင်းသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးအောင်ခိုင်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝေ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာသိန်းလွင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှလက်ထောက်ဆရာဝန်ဒေါက်တာနန်းယုယုမို၊ ဈေးတာဝန်ခံဦးစိန်လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အမှတ် (၁)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အခြေခံဆရာ၊ ဆရာမများအား ကြက်ငှက်တုပ်ကွေးရောဂါ သိကောင်းစရာများဟောပြောပြီး ကာကွယ်ရေးပစ္စည်းများနှင့် ပိုစတာများကို မြို့နယ်ပညာရေးမှူး ဒေါ်လှလှတင့်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ညောင်ရွှေမြို့မဈေး၌ အလေးချိန်ခွင်မှန်ကန်ရေး ကြည့်ရှုစစ်ဆေး

ညောင်ရွှေ ဇွန် ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးနှင့် ဦးစီးအရာရှိ ဦးအောင်စည်တို့ ဦးဆောင်ကြီးကြပ်၍ မေ ၂၉ ရက်က မြို့မစည်ပင်ဈေးကြီးအတွင်းရှိဈေးသည်များ အလေးချိန်ခွင်မှန်ကန်စေရေး၊ တင်းတောင်းပြည့်စေရေးအတွက် ဝန်ထမ်းများနှင့် အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြောင်း သိရသည်။ (၀၂၇)

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များပျိုးထောင် ဈေးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်

ဖလမ်း ဇွန် ၇

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလယ်ဟုတ်ထန်းတို့၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်း ၁၅ဦး လိုက်ပါလျက် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မေ ၁၆ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်မျိုးစုံပျိုးထောင်ကာ မြို့ဝင်မြို့ထွက်နေရာများရှိ လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်စိုက်ပျိုးခြင်း၊ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ အဖွဲ့ပိုင်ဈေးဆိုင်ခန်းများဆေးသုတ်ခြင်းနှင့် ဈေးတွင်းဈေးပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းများကိုဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာမြို့ ကရဝိက်တန်ဆောင်းဆောက်လုပ်ရန် ငွေလှူဒါန်း

မိတ္ထီလာ ဇွန် ၄

မိတ္ထီလာမြို့ မင်းရပ် တံတားဦးလမ်းနေ(ဦးကျော်ဇံရ-ဒေါ်သိန်း) စက်တန်းရပ်ယုဇနလမ်းနေ (ဦးအေးသောင်)-ဒေါ်အုန်းမြင့်တို့အား အမှူးထား၍ မေ ၂၈ ရက်နံနက် ၉ နာရီက နေပြည်တော်နေ အလှူရှင် ဗိုလ်ကြီး အေးကျော်ဝင်း-ဒေါ်သန်းသန်းစိန်၊ သား ဗိုလ်ကျော်ဇံဝင်း၊ သမီးမချိုဇံဝင်း၊ မအေးခိုင်ဇံဝင်း မိသားစုတို့က မိတ္ထီလာမြို့ ဖောင်တော်ဦးဘုရားနှင့် ကရဝိက်တန်ဆောင်းတော်ကြီး ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်ငါးသိန်း၊ အောင်ဆန်းနယ်မြေ မြို့သစ်ရပ်ကွက် မိုးကုတ်ဝိပဿနာပြန့်ပွားရေး ဓမ္မာရုံဆောက်လုပ် နိုင်ရေးအတွက် ငွေကျပ် ၃၃၆၆၀၀၊ အောင်ဆန်းနယ်မြေ စက်တန်းမိသားစုနှင့် တက္ကသိုလ်မိသားစု ဘုံဆွမ်းလောင်းအသင်း ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးလုံခြုံရေးကြိုတင်ကာကွယ်

မေ ၆ ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကမ္မဈေးအတွင်း အပြင်သန့်ရှင်းရေး ပြုလုပ်ထားမှုနှင့် မီးဘေးလုံခြုံရေးကြိုတင် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကမ္မဈေးတာဝန်ခံ ဦးစောဝင်း၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ

မြင်းခြံ ဇွန် ၂

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးဆိုင်ခန်းတွင် မီးသတ်ဆေးဘူးများ သုံးစွဲပုံနည်းစနစ် လက်တွေ့ကိုင်တွယ်နည်း သရုပ်ပြပွဲကို မေ ၂၀ရက်က အေးမြသီတာဈေးတွင် ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးဝင်းရွှေ တက်ရောက်၍ ခရိုင်မီးသတ် ဦးစီးမှူး ဦးဇော်ဝင်းက မီးသတ်ဆေးဘူး တည်ဆောက်ပုံနည်းစနစ်များ ရှင်းလင်းပြသ၍ အဆိုပါဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**
(မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ကျိုက်ထို ဇွန် ၈

ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ရက် နံနက် ၁၀နာရီက ကျင်းပရာ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ခရွဲကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်၊ စာစောင်နှင့် အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ဆက်လက်ကျင်းပသည်။

လှူဒါန်း

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ စာစောင် ၁၀၅အုပ်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက သုတ၊ ရသစာအုပ်မျိုးစုံ ၃၅ အုပ်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က သုတစာအုပ် ၁၀ အုပ်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက စာအုပ်၊ ပိုစတာနှင့် လက်ကမ်းစာစောင်များ၊ ကျေးရွာမှ မဂ္ဂဇင်းနှင့် ဘာသာရေး စာအုပ် ၅၁အုပ်၊ ကျေးရွာရှိအသင်းအဖွဲ့များနှင့် အလှူရှင် ၃၄ဦးတို့က အလှူငွေကျပ် တစ်သိန်းလေးသောင်းခုနစ်ထောင် ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစန်းဌေး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဌေးနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မဇ္ဈိမ ဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး)အတွက် မိဘများအားရည်စူး၍ ကျောင်း အလှူရှင် ဦးဘဦး-ဒေါ်သန်းရင်၊ မြေး မောင်ရဲကျော်ထက်၊ မပွင့်သဲခိုင်မိသားစုတို့က ကျောင်းအလှူငွေကျပ် တစ်သိန်းကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဣန္ဒဝံသနှင့် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဟိုပန်မြို့ မြသိန်းတန် ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းအတွက် ကျောင်းသုံးဖတ်စာနှင့် ဗလာစာအုပ်များ ထောက်ပံ့လှူဒါန်း

ဟိုပန် ဇွန် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ၂၀၀၀ပြည့်နှစ်မှစတင်၍ မြသိန်းတန် ပရိယတ္တိစာသင်တိုက် ဦးစီးနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သောဘိတ၏ ဩဝါဒကိုခံယူဖွင့်လှစ်သည့် မြသိန်းတန် ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ကျောင်းသုံးဖတ်စာ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာထောက်ပံ့ လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၈ရက် မွန်းလွဲ ၁ နာရီက ယင်းကျောင်းတိုက်၌ ကျင်းပသည်။

ငါးပါးသီလ

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍အခမ်းအနားကိုဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ပညောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းခမ်းနှင့်အတူ မြို့နယ်အလုပ်အမှုဆောင်များက စာသင်သား သာမဏေ၊ ကျောင်းသူကျောင်းသား၅၀ကျော်အတွက် တန်ဖိုးငွေကျပ် ၆၂၅၀၀ရှိ ကျောင်းသုံးဖတ်စာ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာတော်က ဩဝါဒကထာချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

တပ်ကုန်းမြို့၌ ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် ငွေများလှူဒါန်း

တပ်ကုန်း ဇွန် ၁၀

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ပြည်စံအောင်ကျေးရွာ ရောင်ခြည်ဦးပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၆ရက်နံနက် ၉နာရီက ရောင်ခြည်ဦးပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း စာကြည့်တိုက်၌ကျင်းပရာ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးဘိုနီ၊ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်၊ ပျဉ်းမနားခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုနီက ၂၁လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ရေဒီယိုတစ်လုံး၊ တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်က အလှူငွေကျပ် ၃၀၀၀၀၊ ပျဉ်းမနားခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်၊ စာစောင်၊ဂျာနယ်များ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တူးဖော်ဆောင်ရွက်ပေးထားသော မင်းကြီးကုန်းကျေးရွာ လက်နှိပ်တုံကင်ရေတွင်းများကို ဇွန် ၂ရက်က အမှုဆောင် အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်တို့ လက်နှိပ်တုံကင်ရေတွင်း ကြံ့ခိုင်ကောင်းမွန်မှု စစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ရေတာရှည်မြို့ ဘိုးဘွားရိပ်သာဖွင့်လှစ်ရေး ဆွေးနွေး ရိပ်သာအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရေတာရှည် ဇွန် ၁၈

ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက်အတွင်း တည်ဆောက်လျက်ရှိသော ဘိုးဘွားရိပ်သာ အဆောက်အအုံအားလုံး တည်ဆောက်ပြီးစီးပြီဖြစ်၍ ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်မြောက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၆ရက် ညနေ ၃နာရီက ဘိုးဘွားရိပ်သာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူးဦးခင်မောင်ထွေးက တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်စေတနာအလှူရှင်များက ဘိုးဘွားရိပ်သာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဒေါက်တာတင်မြ နှစ် (၃၀)ပြည့်အားရည်စူး၍ ဒေါ်လှလှ (မြမင်္ဂလာမိသားစု) မြို့လှသကြားစက်မှ အလှူငွေကျပ် သုံးသိန်း၊ ဦးချစ်လှိုင်-ဒေါ်တင်ရီ(ဆရာမငြိမ်း) ရန်ကုန်မြို့က အလှူငွေကျပ် တစ်သိန်း၊ ဦးဝင်းမောင်-ဒေါ်သန်းစိန် မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဦးမြင့်သန်း-ဒေါ်ခင်စန်းဝင်း မိသားစုက အလှူငွေကျပ်ငါးသောင်း၊ ဦးမျိုးညွန့်-ဒေါ်ယုမွန် မိသားစုက အလှူငွေကျပ်ငါးသောင်း၊ ဦးသန်းညွန့်-ဒေါ်သန်းရီ မိသားစုက အလှူငွေကျပ်ငါးသောင်း၊ ဒေါ်ညွန့်ပု(ကြာအင်းကုန်း) က အလှူငွေကျပ်ငါးထောင်၊ ဦးအန်းတူး-ဒေါ်သောင်းကြည် မိသားစုက အလှူငွေကျပ်ငါးသောင်း၊ ဦးသိန်းထွန်း-ဒေါ်စန်းစန်းမြင့် မိသားစုက အလှူငွေကျပ်ငါးသောင်း၊ ကိုအပါလွင်-မအိအိချောမိသားစုက အလှူငွေကျပ်ငါးသောင်း၊ မသန်းသန်းအေး မိသားစုက အလှူငွေကျပ် ငါးသောင်းတို့ကို ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နှင့် အတွင်းရေးမှူး ဦးခင်မောင်ထွေးတို့အား ပေးအပ်လှူဒါန်းကြသည်။

ရေတာရှည်မြို့ ဘိုးဘွားရိပ်သာကို ဇူလိုင်ဒုတိယပတ်အတွင်း ဖွင့်လှစ်၍ အဘိုးအဘွား၅၀တို့အားပြုစုစောင့်ရှောက်မှုများကိုစနစ်တကျဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် နိဗ္ဗာန်လမ်း ဂဝံခင်းခြင်းလုပ်ငန်းအတွက် ဂဝံကျောက်များ စုဆောင်းထားမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်လင်းဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်

တာလေ ဇွန် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ချယ်၊ တာချီလိတ်ခရိုင် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်တို့ ဦးစီး၍ တာချီလိတ်ခရိုင် တာလေမြို့အတွင်းရှိ နားယောင်းကျေးရွာအုပ်စု ရန်ကင်း(၁) ကျေးရွာတွင် မေ ၂၀ရက် နံနက် ၉နာရီက အသက် ၁၀နှစ်ပြည့်ပြီး နိုင်ငံသား အရည်အချင်းရှိသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်ညွှန်ကြားရေးမှူးက အသက် ၁၀နှစ်ပြည့်ပြီးသူ တိုင်းရင်းသား၊ တိုင်းရင်းသူ ၃၀၀အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

တောင်ငူမြို့နယ် ကျေးတော-ကောလိ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျောက်ချောလမ်း အလျားပေ ၇၇၁၀၊ အကျယ် ၁၀ပေ ခင်းခြင်းလုပ်ငန်းကို မေ၂၅ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဇီးကုန်းမြို့နယ်၌ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး

ဇီးကုန်း ဇွန် ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိန်တိုးနှင့် သာယာဝတီခရိုင် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းတို့သည် မေ ၂၃ ရက်နံနက်က ဇီးကုန်းမြို့နယ်ရုံးသို့ ရောက်ရှိပြီး မြို့နယ်ရုံး အဆောက်အအုံသစ် ဆောက်လုပ်သည့်နေရာသို့ သွားရောက်ကြည့်ရှုသည်။

နေ့လယ်ပိုင်းတွင် မယင်းအုပ်စု မယင်းလက်ပံခုံကျေးရွာ မြတ်ရတနာ စာကြည့်တိုက်သို့သွားရောက်ပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်အုန်း၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကံမြင့်နှင့် ကော်မတီဝင်များအားတွေ့ဆုံ၍ စာကြည့်တိုက်ရေရှည် တည်တံ့ရေးကိစ္စများ ဆွေးနွေးပြီး စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထပ်ဆင့်ရှင်းလင်းပြီး ရုံးလုပ်ငန်းများ စစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံ(တောင်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၉/က၊ မြေကွက်အမှတ် ၂၂၃/က၊ မြေကွက်တည်နေရာ အမှတ် ၂၂၃/က ချမ်းသာလမ်း၊ ၁၉/က ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း) ဦးလှရှိန်း (TRY-၀၆၉၁၄၅)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှရှိန်း ကွယ်လွန်သဖြင့် ဒေါ်လွင် ၇/သ၀တ(နိုင်)၀၄၂၉၇၂ က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

အမည်ပြောင်း

အဖ ဦးဖေယျာထွန်း၏သမီး တောင်ကြီးမြို့ အထက (၁) ဆဋ္ဌမတန်း(ခ)တွင် ပညာသင်ကြားနေသော မယုဝသန်အား မယုနန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မယုနန္ဒာထွန်း။**

ဖုန်းမေးဇေဒင်
၂၃/၅လွှာ/တာမွေဈေးလမ်း၊တာမွေ၊ရန်ကုန်။
ဆရာမဒေါ်စုစုလှိုင်(ဝေဒ) 0951.50153

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ်ရှိ တိုက်ခန်းကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ အမည်ပေါက် ပိုင်ဆိုင်လျက် ရှိပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် အဆောက်အအုံ နေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲပေး ခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဦးဝင်းအောင် ဒဂုန်အင်တာနေရှင်နယ်လီမိတက်မှ ဒေါ်အက်စ်အိုင်အီစွပ် ၁၂/ဗဟန(နိုင်)၀၇၉၆၈၃မှ ဦးအေးအီးအီစွတ် ၁၂/ဗဟန(နိုင်)၀၇၉၃၃၉မှ	ဦးအဆတ် ၁၂/ဗဟန(နိုင်)၀၇၉၃၅၆ ဒေါ်ခင်မပြုံး ၁၂/ဗဟန(နိုင်)၀၇၉၃၅၇	အခန်းအမှတ်(၃/အေ)၊ တတိယထပ် ဒဂုံတာဝါ၊ဗဟန်းမြို့နယ်။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ဒီဆိုင်လေးကို ညွှန်ပြလို့ မိတ်ဆွေကို ကျေးဇူးတင်ကြမှာပါ
☞ ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်
ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်၊ပါရမီဂုံးကျော်တံတားအနီး

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့ စဝ်စံထွန်းရပ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် စ/၂၂၉နေ ဦးမြင့်ခိုင်ဦး ၁၃/တကန(နိုင်)၁၃၃၅၇၀က တောင်ကြီးမြို့ ပြည်တော်သာရပ် စံပယ်လမ်း အမှတ် မ/၁၅နေ ဒေါ်ကြည်ကြည်သန်း ၁၃/တကန(နိုင်) ၀၆၉၆၃၆ထံ လွှဲအပ်ထားသော ၉–၅–၂၀၀၆ ရက်စွဲပါ စာချုပ်အမှတ် (၁၂၉/၂၀၀၆)အား ယနေ့မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။ **ဦးမြင့်ခိုင်ဦး ၁၃/တကန(နိုင်) ၁၃၃၅၇၀။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၁၇

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဟားခါးမြို့။	**နှင့်**	ဦးငွန်နှင်း ဈေးသစ်ရပ်ကွက် ဟားခါးမြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၆ ခုနှစ် တရားမမှု အမှုအမှတ် ၆တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇူလိုင်လ ၃ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၂၃)၊ ဦးပိုင်အမှတ်(၇၉) မြေငှားပတ္တာ စာချုပ်အမှတ်(၁၅၈/၉၈)၊ အတိုင်းအတာ(ပေ၅၀× ပေ၁၀၀ × ၃၅ပေ × ပေ၁၀၀)၊ ဧရိယာ ၀၁၁၁မ၀၉၇ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(ပေ ၄၀× ပေ၂၀) ပတ်လည်တိုက်အိမ်နှင့် (၁၂ပေ× ၁၆ပေ)ပတ်လည်မီးဖိုချောင်။

လေလံကြမ်းခင်းဈေးကျပ် (၂၅)သိန်း။

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၁၆

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဟားခါးမြို့။	**နှင့်**	ဦးတီာလ်ဘိခဲ့ ပြည်တော်သာရပ်ကွက် ဟားခါးမြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၆ ခုနှစ် တရားမမှု အမှုအမှတ် ၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇူလိုင်လ ၃ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဟားခါးမြို့ ပြည်တော်သာရပ်ကွက်ရှိ မြေကွက်အမှတ်(–)၊ ဦးပိုင်အမှတ်(၁၆၆) မြေငှားပတ္တာစာချုပ်အမှတ်(၉၄/၉၉)၊ အတိုင်းအတာ(ပေ၈၀×ပေ၆၀ × ပေ၈၀ × ပေ၆၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၃၂ပေ×၂၂ပေ) ပတ်လည်တိုက်အိမ်နှင့် (၁၅ပေ×၁၆ပေ)ပတ်လည်မီးဖိုချောင်။

လေလံကြမ်းခင်းဈေးကျပ် (၄၅)သိန်း။

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

နေအောင်မြေသာစည်
သူနာပြုအကူနှင့် ဆေးဝါးကျွမ်းကျင်မှုသင်တန်း

ဆရာဝန်ကြီးများ ကိုယ်တိုင်ဦးစီး၍သူနာပြုနည်းများ၊ ဆေးထိုးပွင့်နည်း၊ ဆေးဝါးထားသိုနည်း၊ ဆေးရောင်းနည်းစနစ်များနှင့် ဆေးပညာလုပ်ငန်းခွင်အသုံးချပညာရပ်များကို ကျွမ်းကျင်သည်အထိ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ နေထိုင်ရေးစီစဉ်ပေးမည်။ လစဉ်တန်းခွဲသစ်များရှိသည်။ (၃)လသင်တန်း

(ဇူလိုင်(၂၅)ရက် တန်းခွဲသစ်စမည်။)

စင်ကာပူအလုပ်ဝင်ခွင့် စာမေးပွဲသင်တန်းနှင့် ဆေးဝါးကျွမ်းကျင်မှုအဆင့်မြင့်သင်တန်းဖွင့်လှစ်ပြီ

နေအောင်မြေသာစည်အထူးကုဆေးခန်းနှင့်ဆေးဆိုင် အသင်း(၀၄)တိုက်-၂အောင်မြေသာစည်အိမ်ရာ၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ၁-ရပ်ကွက်ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ဆင်ရေတွင်းမှတ်တိုင်) ☎-01-500805, ☎-09-5138657

BEST & SMART
ENGLISH SPEAKING AND LISTENING
တကယ်တတ်အောင်သင်ပေးသည်။ Basic ၃လ၊ Pre-Intermediate ၃လ၊ အချိန်ညှိပေးသည်။
Bldg. 45, Rm. A4, Myaynegon Zay Street, Sanchaung, Yangon. Phone - 503015

ခေတ်မီနာမည်ပေး ဆရာပြည့်ကျော်
(မြန်မာ့ရိုးရာဗေဒင်ပညာရှင်)
နှင့် စာရေးဆက်သွယ်ပါ။
ရွှေကျီးသာအနီး၊ ထောက်ကြန့်ဆာတိုက်၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ချိန်ဆွီချို
အသက်(၉၀)

Air Bagan Co.,Ltd.နှင့် Htoo Group of Companies ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ) ဦးလှလှ–ဒေါ်အေးအေးတို့၏ မိခင် ဒေါ်ချိန်ဆွီချိုသည် ၁၇–၆–၂၀၀၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Treasure Travel & Tours Co.,Ltd.
MD & Staff.
Myanmar Treasure Resorts
Management & Staff.
Aureum Palace
Management & Staff.

ရောင်းရန်ရှိသည်

အုန်းဆံမျှင် အချောအသန့်များ ရောင်းရန်ရှိသည်။ အသေးစိတ်သိလိုပါက **ဖုန်း ၀၉–၅၁–၅၁၀၂၈သို့ ဆက်သွယ်ပါ။**

ကန့်ကွက်နိုင်ပါသည်

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကင်းအိမ်ရာစခန်း၊ အမှတ်(၂)ရပ်ကွက် တိုက်အမှတ်(၂၅၈)၊ အခန်းအမှတ်(၂)သည် ဦးလှကြည်အား ချထားပေးခဲ့သော အိမ်ခန်းဖြစ်ပါသည်။ ဦးလှကြည်သည် ၁၅–၆–၁၉၈၀ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ရာ ဖော်ပြပါ အိမ်ခန်းအား ဦးလှကြည်အမည်မှ သမီးတစ်ဦးဖြစ်သူ ဒေါ်အေးအေးအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့် ရက်မှ၁၅ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီး သန်းညွှန့်(ငြိမ်း)
ဒုတိယဝန်ကြီး(ငြိမ်း)အမှတ်(၁)စက်မှုဝန်ကြီးဌာန
အသက်(၇၁)နှစ်

သူငယ်ချင်း ကိုစိုးညွှန့်နိုင်၊ ကိုစိုးညွှန့်ခိုင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး သန်းညွှန့် (ငြိမ်း) သည် ၁၅–၆–၂၀၀၇ရက် နံနက်၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် သူငယ်ချင်းတို့နှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

မော်စီ၊ အောင်ကျော်၊ ထိန်လင်းချစ်၊ ထိန်လင်း၊ အောင်မိုး၊ စိုးမိုးဝင်းကြည်၊ ဗိုလ်မှူးမြင့်ဆွေ၊ ဗိုလ်မှူးအောင်သူ၊ မြတ်ဆု၊ စံစံအောင်၊ ခင်ဥမ္မာမြိုင်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းဌေး(ခ) Dolly Tin Maung (Assistant Technical Manager, SMART Technical Services Co., Ltd.)အသက် (၅၆)နှစ်သည် ၁၅–၆–၂၀၀၇ရက်(သောကြာနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ၊**
SMART Technical Services Co., Ltd.။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၂၄ အေ၊ မြေကွက်အမှတ် (III) ၂စီ/၂ မြေကွက် တည်နေရာ အမှတ်(၁၁) သဇင်လမ်း (ယခင်–ဖရန်ကလင်လမ်း)၊ အလုံမြို့နယ် ဒေါက်တာဦးတင်ဦး အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအားအမည် ပေါက် ဒေါက်တာဦးတင်ဦး ကွယ်လွန်သဖြင့် ဒေါ်ရှုဘီ ၁၂/အလန(နိုင်)၀၁၇၃၇၁ က တစ်ဦးတည်းသော တရားဝင်ဇနီး တော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

ဦးညီညီဌေး
မန္တလေးအသင်းအမှုဆောင်
အသက် (၅၂)နှစ်

မန္တလေးမြို့နေ ဦးညီညီဌေး အသက်(၅၂)နှစ် မန္တလေးအသင်းအမှုဆောင်သည် ၁၇–၆–၂၀၀၇ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြန်မာမန်းအုပ်စု အထွေထွေ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ ရန်ကုန်မြို့။**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး မေ ၂၆ ရက်က နောင်ချိုမြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မဈေးကြီးအတွင်းရှိ အသားရောင်းချသည့်ဆိုင်များ၊ သားငါးတန်းများကို စည်းကမ်းနှင့်အညီ ရောင်းချခြင်းရှိ မရှိ၊ သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ စစ်ဆေးရာ မြို့နယ်အမှုဆောင် အရာရှိ ဦးဝင်းမော်က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ချုံနွယ်များ ရှင်းလင်း

ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၂ရက်က လေယာဉ်ကွင်းလမ်းဘေးဝဲယာ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် အရိပ်ရပင်များ ပုံသွင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပထမဝါဆိုလဆန်း ၈ ရက်
၂၂–၆–၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဟင်းနုနယ်ပင်)
၁၂း၃၀ ဇာတ်လမ်းပမာ နားဆင်စရာ (အသည်းစကား)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးလုံးပတ်လည် (အကော်ဒီယံအုန်းကျော်)
(၂) မိုးဒေဝါ (အေဝမ်းတင်တင်လှ)
(၃) မိုး (ကိုမြကြီး)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ရိုးသားသိမ်မွေ့ မြန်မာ့ဓလေ့ (ခေါင်းကြီး)
(၂) လွဲမှာစိုးလို့ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (သူ့အတွက်ဟင်းတစ်ခွက်)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နေ့ကြီးရက်ကြီးများအကြောင်း– တတိယပိုင်း–မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (စမ်းရေစီးသံ–ကာလပေါ်တူရိယာအဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အိပ်မပျော်သောညများ (စန္ဒရားလှထွတ်)
(၂) လွမ်းရိပ်ဝေသောညများ (နီနီ)
(၃) သစ္စာဆိုသူရှိလို့လား (ကိုဖုန်းမြင့်)

နမ္မတူမြို့နယ်စည်ပင် သန့်ရှင်းရေးဆောင်ရွက်

နမ္မတူ ဇွန် ၅

နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကိုမေ ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့ကြီးကြပ်၍ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တိုင်းမှူး ဗိုလ်ချုပ်သာအေး မုံရွာခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး
မုံရွာ–မန္တလေးကားလမ်းဘေး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ ဇွန် ၁၄ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် မြေနဲကျေးရွာအနီး မုံရွာ–မန္တလေးကားလမ်းဘေး၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ သတ်မှတ်နေရာများတွင် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး စုပေါင်းစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးသည် မုံရွာမြို့နယ် ဇောဓိတစ်ထောင်ကျောင်းဝင်းအတွင်း ကျင်းပသော ဇောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ သစ်ပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါဇောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲတွင် ယူကလစ်၊ ကုက္ကို၊ စိန်ပန်း၊ ငုရွှေ၊ ငုစပ်၊ မဲဇလီ၊ ယင်းမာ၊ သုံးပန်လှ၊ မန်ကျည်း၊ ပန်းမားငု၊ အင်္ဂလိပ်မဲဇလီ စသည့် ပျိုးပင် ၃၀၇၀၀ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ဇောဓိတစ်ထောင်ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်မည့် လေးကျွန်းစကြာရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ပြီးစီးမှုနှင့် ရင်ပြင်တော်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၅

NLD ပါတီသည် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်မှုမရှိ ပြည်ပအားကိုးဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင် ပါတီနှင့်ပါတီခေါင်းဆောင်များ၏ မှားယွင်းသည့်လုပ်ရပ်နှင့် တွေးခေါ်မှုကြောင့် လှိုင်သာယာမြို့နယ်မှ ပါတီဝင် ၁၀ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအောင်ရင်၊ ဦးစိန်မောင်၊ ဦးထွန်းထွန်း၊ ဒေါ်ကြည်နွဲ့(ခ)ဒေါ်သန်းသန်းရွှေ၊ ဦးမောင်မောင်မြင့်၊ ဦးမောင်မောင်အောင်၊ ဒေါ်အေးအေးမြင့်(ခ)ဒေါ်သန်းသန်းရွှေ၊ အငယ်လေး(ခ)ဝင်းမောင်၊ ဦးစိုးတင့်နှင့် ဦးသန်းထွန်းကျော်တို့သည် ဇွန် ၁၃ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပြည်ပအားကိုး

လှိုင်သာယာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီအနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိဘဲ ပြည်ပအားကိုးဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာ ပျက်စီးကြောင်းကိုသာ လုပ်ဆောင်လျက်ရှိကြောင်း၊ ပါတီနှင့်ပါတီခေါင်းဆောင်များ၏ မှားယွင်းနေသောလုပ်ရပ်နှင့် အတွေးအခေါ်တို့ကို ကြိုက်နှစ်သက်၊ လက်ခံယုံကြည်မှု မရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အိုလံပစ်နေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲယှဉ်ပြိုင် အရှေ့တောင်အာရှပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်

သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် (Olympic Day Run 2007) စက်ဘီးစီးပြိုင်ပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

အိုလံပစ်နေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲတွင် ပဏာမလက်ရွေးစင်စက်ဘီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုဘဲ စက်ဘီးအားကစားသမားဟောင်းများနှင့်ပြင်ပမှဝါသနာရှင် စက်ဘီးအားကစားသမား စုစုပေါင်း ၂၀ ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများအား မြန်မာနိုင်ငံစက်ဘီး အဖွဲ့ချုပ်မှ တာဝန်ရှိသူများက စက်ဘီးအားကစားအင်္ကျီတစ်ထည်စီ ပေးအပ်ချီးမြှင့်ခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁*

အကြိုတ်အနယ်ယှဉ်ပြိုင်

သုဝဏ္ဏ စက်ဘီးလေ့ကျင့်ရေးကွင်း၌ စက်ဘီးအားကစားသမားများ ဤသို့ အကြိုတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

(စက်ဘီးအဖွဲ့ချုပ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း



အတ္တလန္တစ်လွန်းပြန်ယာဉ် ကမ္ဘာမြေသို့ ပြန်လည်ထွက်ခွာလာ

နာဆာ ဇွန် ၂၀

အတ္တလန္တစ်လွန်းပြန်ယာဉ်သည် ဇွန် ၁၉ ရက် ဂရင်းနစ်စံတော်ချိန် ၁၄ နာရီ ၄၂ မိနစ်တွင် နိုင်ငံတကာအာကာသစခန်း(အိုင်အက်စ်အက်စ်)မှ ပြန်လည်ထွက်ခွာလာနေပြီဖြစ်သည်။ **(အပေါ်ပုံ)**

စီစဉ်ထား

အဆိုပါ အတ္တလန္တစ်လွန်းပြန်ယာဉ်သည် ဇွန် ၂၁ ရက်**(ယနေ့)**တွင် ကမ္ဘာမြေ ကနေဒီအာကာသစခန်းသို့ ပြန်လည်ဆင်းသက်ရန် နာဆာအဖွဲ့က စီစဉ်ထားသည်။

ပြန်လည်ပြင်ဆင်

အတ္တလန္တစ်လွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိနေစဉ်အတွင်း အိုင်အက်စ်အက်စ်ကို ဓာတ်အားလိုင်း အစိတ်အပိုင်းသစ် တပ်ဆင်ခြင်း၊ ပျက်စီးနေသော အဓိက ကွန်ပျူတာကို ပြုပြင်ခြင်းနှင့် အတ္တလန္တစ်လွန်းပြန်ယာဉ်ပေါ်၌ ကပ်ထားသော အပူခံပြားများကို ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ယင်းလွန်းပြန်ယာဉ်သည် ဇွန် ၁၀ ရက်က နိုင်ငံတကာအာကာသစခန်းသို့ ဆိုက်ရောက်ခဲ့သည်။ လွန်းပြန်ယာဉ်သွားရောက်ရသည့် မူလရည်ရွယ်ချက်မှာ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ တပ်ဆင်ရန် သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

နေရစ်မည်

အတ္တလန္တစ်လွန်းပြန်ယာဉ်နှင့် လိုက်ပါသွားသော အာကာသယာဉ်မှူးများအနက်မှ အမေရိကန်အာကာသယာဉ်မှူး ကလေအင်ဒါဆင်သည် ၎င်းအာကာသစခန်း၌ ဆက်လက်နေရစ်မည်ဖြစ်သည်။

နေထိုင်သွားမည်

၎င်းသည် နိုင်ငံတကာအာကာသစခန်း၌ အမျိုးသမီးတစ်ဦးအနေဖြင့် ခြောက်လကြာ စံချိန်တင်နေထိုင်ခဲ့သည့် အမျိုးသမီးအာကာသယာဉ်မှူး ဆူနီတာဝီလျံအစား ဆက်လက်နေထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။